ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်၊ အင်္ဂါနေ့၊ (29-8-2006) (၅၀၆၄)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် UN Assistant Secretary - General and Deputy Executive Director of UNICEF Mr. Kul Chandra Gautam နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် UN Assistant Secretary - General and Deputy Executive Director of UNICEF Mr. Kul Chandra Gautam အား နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမတွင် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် UN Assistant Secretary - General and Deputy Executive Director of UNICEF Mr. Kul Chandra Gautam နှင့်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမတွင် လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

ကြေးမုံ The Mirror

ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

☆ **ယနေ့အချိန်အခါတွင် ကျေးလက်ဒေသများ၏ လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေး၊ သန့်ရှင်းသော သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတစ်ဝန်း၌ အရှိန်အဟုန်မြင့် ဖော်ဆောင်လျက်ရှိနေသည်။**

(ခေါင်းကြီး) စာမျက်နှာ–၂

☆ မိုးစပါး၊ နွေစပါး နည်းစနစ်မှန်စွာ စိုက်ပျိုးပါက ဆန်ရေစပါး ပေါကြွယ်လာမည်ကို တောင်သူလယ်သမားများ သိလာကြပြီ။ ထို့အပြင် ဌာန၊ ကျေးရွာလူထု၊ ဒေသခံပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ ပူးပေါင်းဆောင်ရွက်လျှင် အောင်မြင်နိုင်သည်ကိုလည်း သိရှိလာကြပြီ။

မောင်ဝ(စိုက်ပျိုးရေး)၏ **"စည်ဖြောသံညံညံ ကုန်းတောင်းရွာအားမာန်"**

(ဆောင်းပါး) စာမျက်နှာ–၆

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၉-၈-၂၀၀၆
(အင်္ဂါနေ့)

ကျေးလက်ဒေသများ တိုးတက်ဖြစ်ထွန်းရေး အရှိန်အဟုန်မြှင့်ကြိုးပမ်း

နိုင်ငံတော်က ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကအရေးပါသည့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက် ကျေးရွာချင်းဆက်လမ်းများ၊ ကျေးလက်နှင့်မြို့ပြ ဆက်သွယ်သည့် လမ်းများနှင့် မြစ်ကူး၊ ချောင်းကူးတံတားများကို ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိရာ ကျေးလက်နေပြည်သူများ ဆက်သွယ်သွားလာမှု အဆင်ပြေလွယ်ကူလာပြီး စီးပွားရေးလုပ်ငန်းများလည်း ကောင်းမွန်လျက်ရှိသည်။

အချို့ဒေသများတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ညွှန်းပြသနေသည့် စံပြကျေးရွာများကိုပင် တွေ့မြင်နေရပြီဖြစ်သည်။ အဆိုပါ စံပြကျေးရွာများတွင် ကတ္တရာလမ်းသစ်များ၊ တွဲဖက်အထက်တန်းကျောင်း၊ ကျေးလက် ကျန်းမာရေးဌာန၊ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်များကို ထူထောင်ဖွင့်လှစ်ထားရှိရာ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်သွားလာရေးများ ဖြစ်ထွန်းတိုးတက်လျက်ရှိသည်။

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ခတ်ချိုကျေးရွာ၌ စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဩဂုတ်လ ၄ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။ အလားတူ မန္တလေးတိုင်း မလှိုင်မြို့နယ် ကျောက်တန်းစံပြကျေးရွာတွင် ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ အများသုံးတယ်လီဖုန်းရုံးနှင့် ပဲခူးတိုင်း ဖြူးမြို့နယ် ညောင်ပင်သာကျေးရွာ၌ တိုက်နယ်ဆေးရုံတို့ကိုလည်း တည်ဆောက်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်း သာစည်မြို့နယ် ကုန်းတောင်းကျေးရွာရှိ ဆည်ငယ်တစ်ခုကို ဒေသခံပြည်သူများ ဝိုင်းဝန်းပြုပြင်ကာ ဆည်ရေရရှိရေး လုပ်ဆောင်ပေးနိုင်ခြင်း၊ ဆင်းသွယ်လတ်စပါးမျိုးဖြင့် ပြောင်းလဲစိုက်ပျိုးခြင်းတို့ကြောင့် ယခင်က မိုးရေကိုသာ မျှော်ကိုးစိုက်ပျိုးပြီး တစ်ဧက တင်း ၃၀ မှ ၆၀ ခန့်သာ ထွက်ရှိခဲ့ရာမှ ယခုအခါ တစ်ဧက တင်း တစ်ရာကျော် ထွက်ရှိခဲ့ပြီဖြစ်သည်။

ယနေ့အချိန်အခါတွင် ကျေးလက်ဒေသများ၏ လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေး၊ သန့်ရှင်းသော သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတစ်ဝန်း၌ အရှိန်အဟုန်မြှင့် ဖော်ဆောင်လျက်ရှိနေသည်။

နိုင်ငံတော်၏ ဦးဆောင်မှုနှင့်အတူ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် စေတနာရှင်အလှူရှင်များ၏ ငွေအား၊ လူအား၊ စေတနာအားဖြင့် ပေါင်းစည်းညီညီ လက်တွဲကြိုးပမ်းမှုစွမ်းအား တို့ကြောင့် ကျေးလက်ဒေသနေ ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးများ ပိုမိုတိုးတက်ဖြစ်ထွန်းလာမည် ဖြစ်ပါသည်။ ။

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ မဟာသဒ္ဓမ္မ ဇောတိကဓဇ ဦးကျော်ခင်မြင့်ထံသို့ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနေ ဒေါ်ကာလီမ၊ သား ကိုဝင်းကြိုင် မိသားစုက ငွေကျပ် ၁၅၀၀၀၀ လှူဒါန်းစဉ်။ (က-ပ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စည်းကမ်း၊ စာရိတ္တကောင်းမွန်သော လူငယ်များဖြစ်လာရန် စနစ်တကျလေ့ကျင့်သင်ရိုးညွှန်းတမ်းများအား ခေတ်နှင့်အညီရေးဆွဲသင်ကြား လေ့ကျင့်ပေး

ရန်ကုန် ဩဂုတ် ၂၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေသည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း တွံတေးမြို့နယ်ရှိ လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးများပြုစုစောင့်ရှောက်ရေးဌာန (တွံတေး)သို့ ရောက်ရှိလာရာ ညှိခန်းမဆောင်၌ အုပ်ချုပ်ရေးမှူးဒေါ်သန်းဌေးက အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးဌာန၏ ဝန်ထမ်းဖွဲ့စည်းပုံ၊ အသက်မွေးမှု အတတ်ပညာများသင်ကြားပေးမှု၊ ကျန်းမာရေး စောင့်ရှောက်ပေးမှုနှင့် ပြန်လည်နေရာချထားပေးမှုများကို ရှင်းလင်းတင်ပြပြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးဦးမောင်မြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေသည် အမျိုးသမီးများပြုစုစောင့်ရှောက်ရေးဌာနရှိ အသက်မွေးဝမ်းကျောင်းပညာရပ်များဖြစ်သည့် စက်ချုပ်၊ ဇာထိုး၊ ပန်းထိုး အတတ်ပညာသင်တန်းများ၊ အိပ်ဆောင်များ၊ စားဖိုဆောင်နှင့် စိုက်ပျိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆွေးနွေးမှာကြား

ယင်းနောက် ဝန်ကြီးသည် ကျောင်းခန်းမ၌ သင်တန်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နှစ်သိမ့်အားပေး စကားပြောကြားပြီး ကျန်းမာရေးနှင့် လျော်ညီစွာ အသက်မွေးမြူနေထိုင်ရေးနှင့် HIV/AIDS ရောဂါနှင့် ပတ်သက်၍ အသိပညာပေးဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် အမျိုးသမီးများအား ပြုစုစောင့်ရှောက်ရေးဌာနသို့ အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဒေါ်သန်းဌေးက လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ်ရှိ လူမှုဝန်ထမ်းဦးစီးဌာန လူငယ်သင်တန်းကျောင်းသို့ ရောက်ရှိလာရာ ရှင်းလင်းဆောင်၌ လူမှုဝန်ထမ်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူး ဦးစိန်ဝင်းက ကျောင်း၏ နောက်ခံသမိုင်းကို ရှင်းလင်းတင်ပြပြီး ကျောင်းအုပ်ဦးကျော်ဝင်းက လူငယ်သင်တန်းကျောင်း၏ တည်နေရာ၊ ဝန်ထမ်းဖွဲ့စည်းပုံ၊ ကျောင်းသားများ လက်ခံပြုစုစောင့်ရှောက်ထားရှိမှု အခြေအနေ၊ အခြေခံပညာ သင်ကြားလေ့ကျင့်ပေးမှု၊ အသက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးမှု၊ ကာကွယ်စောင့်ရှောက်ထားရှိမှုနှင့် ပြန်လည်နေရာချထားပေးမှု ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ပူးပေါင်းဆောင်ရွက်

ထို့နောက်ဝန်ကြီးသည် တာဝန်ရှိသူများအား မှာကြားရာ၌ ကလေးသူငယ်များအား စိတ်ပိုင်းဆိုင်ရာ ပြုစုစောင့်ရှောက်ရာတွင် စည်းကမ်းကောင်းမွန်ပြီး အကျင့်စာရိတ္တကောင်းမွန်သော လူငယ်များ ဖြစ်လာအောင် စနစ်တကျသင်ကြားလေ့ကျင့်ပေးထားရန်၊ အသက်မွေးဝမ်းကျောင်းပညာရပ်များကို ထိရောက်စွာ သင်ကြားပြသပေးရန်၊ ကျန်းမာရေးအား အထူးဂရုတစိုက် စောင့်ရှောက်ပေးရန်နှင့် သင်ရိုးညွှန်းတမ်းများအား ခေတ်နှင့်အညီ ရေးဆွဲသင်ကြားလေ့ကျင့်ပေးရန်နှင့် အခြားလူမှုဝန်ထမ်း၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက်ဝန်ကြီးသည် သင်တန်းကျောင်းရှိ အိပ်ဆောင်များ၊ ထမင်းစားဆောင်များ၊ စားဖိုဆောင်၊ စိုက်ခင်းများ၊ စာသင်ကျောင်းနှင့် စာကြည့်တိုက်တို့အား လိုက်လံကြည့်ရှု၍ ကျောင်းသားလူငယ်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ တွံတေးမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးများပြုစုစောင့်ရှောက်ရေးဌာန (တွံတေး)ရှိ စက်ချုပ် သင်တန်းကို ကြည့်ရှုအားပေးစဉ်။ (လူမှုဝန်ထမ်း)

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် သင်တန်းကျောင်းပိုင် ရော်ဘာစိုက်ခင်း ဧက ၅၀ သို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး ရော်ဘာပင်များ စနစ်တကျ စိုက်ပျိုးထားရှိရေး၊ ရော်ဘာပင်များ စံချိန်စံညွှန်းမီစွာ ထုတ်လုပ်ရေးမှာကြားသည်။

သင်တန်းကျောင်းအနီး ကျေးရွာတဝိုက်တွင် အမှတ်(၁)စက်မှုဝန်ကြီးဌာနပိုင်နှင့် ပုဂ္ဂလိကပိုင်ရော်ဘာစိုက်ခင်း ဧက ၅၀၀၀ခန့် စိုက်ပျိုး ထားရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ-အင်ဒိုနီးရှား စီးပွားရေးဆိုင်ရာ ဆွေးနွေး

ရန်ကုန် ဩဂုတ် ၂၈

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံရုံးတို့ ပူးပေါင်းစီစဉ် ကျင်းပသည့် စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲကို ယမန်နေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်မင်းရဲကျော်စွာလမ်း UMFCCI Office Tower ရှိ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

(အောက်ဝဲပုံ)

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Wyoso Prodjowarsito က အမှာစကား ပြောကြားသည်။

ထို့နောက် Bandung Investment Board မှ Ms. Dewi Kania Savi က ဘန်ဒေါင်းမြို့၌ လာရောက်လုပ်ကိုင်နိုင်မည့် စီးပွားရေးအခွင့်အလမ်းများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များက ဆွေးနွေးကြပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ကြီး ပိုလ်ချုပ်ဌေးဦး ဆည်မြောင်းနှင့် ရေလှောင်တမံစီမံကိန်းများ စစ်ဆေး တောင်သူလယ်သမားများ စီးပွားရေးမြင့်မားအောင်ဆောင်ရွက်ကြရန် မှာကြား

နေပြည်တော် ဩဂုတ် ၂၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၂၀ ရက်တွင် မန္တလေးတိုင်း မိတ္ထီလာမြို့နယ် အောင်သာကျေးရွာအနီး၌ တည်ဆောက်နေသည့် ရှမ်းမငယ် ရေလှောင်တမံစီမံကိန်းသို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၇) ညွှန်ကြားရေးမှူး ဦးမျိုးထွန်းက မုန်တိုင်ဆည်ရေကူရန်အတွက်လည်းကောင်း၊ သဲနုန်းကျဆင်းမှု လျော့နည်းရေးအတွက်လည်းကောင်း ရှမ်းမငယ် ရေကူရေလှောင်တမံနှင့် သဲနုန်းကူတမံကို မုန်တိုင်ဆည်အထက်ပိုင်းတွင် တည်ဆောက်ရခြင်းနှင့် ဆောင်ရွက်ဆဲတည်ဆောက်ရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက ရေကူပေးမှု၊ သဲနုန်းတားဆီးမှုသာမက ရေကူရေလှောင်တမံအနီးပတ်ဝန်းကျင်ရှိ ကျေးရွာများ၏ လယ်မြေများ စိုက်ပျိုးရေ ရရှိနိုင်ရေး စိစစ်ဆောင်ရွက်ပေးရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် တမံ တည်ဆောက်မှုဆိုင်ရာ အောက်ခြေမြေပြင် ရှင်းလင်းမှု၊ ယာယီ ရေတားတမံ တည်ဆောက်မှုနှင့် ရှမ်းမငယ်ချောင်း၏ အနေအထားကိုလည်းကောင်း၊ ပင်မတမံ စတင်မြေဖို့ဆောင်ရွက်နေခြင်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် သာစည်မြို့ အနောက်ဘက်ရှိ ညောင်ရမ်းကန်နှင့် မင်းလှကန်တို့၏ ရေရရှိမှုအခြေအနေ၊ ဆည်ရေပေးဝေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဆည်မြောင်းဦးစီးဌာနက ထိန်းသိမ်းရေး တာဝန်ခံများက ညောင်ရမ်းကန်နှင့် မင်းလှကန်တို့မှ သာစည်မြို့နယ်အတွင်း ကျေးရွာအုပ်စု ၂၀ရှိ လယ်မြေဧက နှစ်သောင်းကျော်ကို စိုက်ပျိုးရေပေးဝေမှု၊ ဆည်ကန် ပြုပြင်ထိန်းသိမ်းမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

မှာကြား

ဝန်ကြီးက ခရိုင်နှင့်မြို့နယ်များမှ တာဝန်ရှိသူများနှင့် တောင်သူလယ်သမားများအား စပါးပန်းတိုင် အထွက်နှုန်းရရှိရေး၊ တောင်သူလယ်သမားများ စီးပွားရေးမြင့်မားရေး၊ ရေမြေအခြေအနေပေးသည့် နေရာဒေသများတွင် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားအောင် ဆောင်ရွက်ပေးရေး၊ မျိုး၊ စိုက်စနစ်၊ နည်းပညာများပေးခြင်း ဆောင်ရွက်ပေးကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် ညောင်ရမ်းကန်နှင့် မင်းလှကန် ထိန်းသိမ်းထားမှုကို ကြည့်ရှုစစ်ဆေးသည်။ ဝန်ကြီးနှင့်အဖွဲ့သည် ဩဂုတ် ၂၁ ရက်တွင် မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှုတင်နှင့်အတူ ဝမ်းတွင်းမြို့နယ် မရိုးရွာအနီးရှိ သပြေရိုး ရေလှောင်တမံသို့ ရောက်ရှိရာ မန္တလေးတိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးသိန်းက ၁၉၅၄ ခုနှစ်တွင် တည်ဆောက် ပြီးစီးခဲ့သော တောင်ပုလုရေလှောင်တမံအား ရေကူပေးနိုင်ရန် သပြေရိုးရေလှောင်တမံကို တည်ဆောက်ခဲ့မှုနှင့် အင်းယင်းလက်တံ(၁) မြောင်း တိုးချဲ့ ဖောက်လုပ်ပေးခြင်းကြောင့် စိုက်ဧက ၈၀၀၀ကျော် ဆည်ရေပေးနိုင်မှုကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းက သပြေရိုး ချောင်းပေါ်၌ သပြေရိုး ရေလှောင်တမံနှင့် ၂၀၀၄ ခုနှစ်တွင် သင်ပုန်းရေလှောင်တမံ တည်ဆောက်၍ ဤဒေသ ဆည်အစုအဖွဲ့တည်ရှိမှုကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက ရေဝေရေလဲဒေသများတွင် စိမ်းလန်းစိုပြည်ရေးနှင့် တည်ဆောက်ပြီး ဆည်၊ ကန် ရေလှောင်တမံများကို ထိန်းသိမ်းကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် သပြေရိုးရေလှောင်တမံ၊ တောင်ပုလုရေလှောင်တမံနှင့် အင်းယင်းဆည်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် အင်းယင်းရေလွှဲဆည်တွင် တောင်သူလယ်သမားများနှင့်တွေ့ဆုံ၍ ဆည်ရေ အကျိုးရှိစွာအသုံးပြုရေး၊ စိုက်ပျိုး ထုတ်လုပ်မှုတိုးတက်မြင့်မားရေး၊ ပန်းတိုင်အထွက်နှုန်းရရှိအောင် ကြိုးပမ်းဆောင်ရွက်ရာတွင် ဌာနဆိုင်ရာများက မျိုး၊နည်းပညာပံ့ပိုးကူညီပေးရေး မှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး သပြေရိုးရေလှောင်တမံကို ကြည့်ရှုစစ်ဆေးစဉ်။ (လယ်/ဆည်)

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် (၁၅)ရပ်ကွက် မာလာမြိုင်လမ်းသွယ်နေ ကွယ်လွန်သူ မိခင်ကြီး ဒေါ်အေးမေ (၃)နှစ်(၄)လပြည့်ရည်စူး၍ သား၊ သမီးများက ဆွမ်းပဒေသာပင်ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူးဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။(ဘိုးဘွားရိပ်သာ)

မိုးရာသီ ဂေါက်သီးရိုက်ပြိုင်ပွဲ

ရန်ကုန် ဩဂုတ် ၂၈

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအခွန်ဌာန စော်ဘွားကြီးကုန်းပွဲရုံနှင့်ကုန်တင်ယာဉ် ရပ်နားစခန်းသာယာရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ ကကြီးမှူး၍ ဒုတိယအကြိမ် မိုးရာသီ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဩဂုတ် ၂၇ရက် နံနက်ပိုင်းက သန်လျင်ဂေါက်ကွင်းတွင် ကျင်းပသည်။

ပြိုင်ပွဲသို့ ပြိုင်ပွဲကျင်းပရေး ကော်မတီဝင်များ၊ ပွဲရုံပိုင်ရှင် ပြိုင်ပွဲဝင် ဂေါက်သီးအားကစားသမားများ၊ ဧည့်သည်တော်များ၊ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ညနေပိုင်းတွင် ဂေါက်သီးရိုက်ပြိုင်ပွဲ ပွဲစဉ်အလိုက် ဆုရရှိသူများအား အခွန်ဌာန ဒုတိယဌာနမှူး ဦးကြည်မြင့်၊ စခန်းတာဝန်ခံအရာရှိ ဦးမြကြိုင်၊ ပွဲရုံသာယာရေးကော်မတီဥက္ကဋ္ဌ ဦးတင်အောင်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်လိုက်ကြောင်း သိရသည်။ (ကြေးမုံ)

ဗိုလ်တထောင်စေတီတော်၌ နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်

ရန်ကုန် ဩဂုတ် ၂၈

၁၃၆၈ ခုနှစ် တော်သလင်းလဆန်း ၈ ရက် (ဩဂုတ် ၃၀ ရက်) မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်မဟာစည်သာသနာ့ရိပ်သာ ဦးစီးပဓာန နာယက ဘဒ္ဒန္တစန္ဒဝရ (လှိုင်မဟာစည် ဆရာတော်) ကလည်းကောင်း၊ ညနေ ၃ နာရီတွင် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ရောဝတီတိုင်း ပုသိမ်မြို့ နိဂြောဓာရုံ ညောင်ပင်သာပရိယတ္တိ စာသင်တိုက် ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိသုတက လည်းကောင်း ရန်ကုန်မြို့ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံကြီး၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားတော်မူမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာအား UN Assistant Secretary-General and Deputy Executive Director of UNICEF Mr. Kul Chandra Gautam **လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာအား ကုလသမဂ္ဂလက်ထောက် အထွေထွေအတွင်းရေးမှူးချုပ် တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၈

အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာအား UN Assistant Secretary - General and Deputy Executive Director of UNICEF Mr. Kul Chandra Gautam သည် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha နှင့်အတူ ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံရာတွင် အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ဂရိနိုင်ငံမြောက်ပိုင်း ဟယ်လ်ကီဒီကီကျွန်းဆွယ်တွင် တောမီးလောင်မှုကြောင့် ရွှေ့ပြောင်းကြရသည့် ဒုက္ခသည်စခန်းတစ်နေရာကို ဩဂုတ် ၂၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တောမီးလောင်မှုကို ငြိမ်းသတ်ရေး အင်ဒိုနီးရှား၌ မိုးတုရွာသွန်းရန် ကြိုးပမ်းမည်

ဂျကာတာ ဩဂုတ် ၂၆

အရှေ့တောင်အာရှဒေသအချို့တွင် တောမီးလောင်ကျွမ်းနေမှုကို လျော့ပါးသွားရန် လာမည့်ရက်သတ္တပတ်တွင် လေယာဉ်မှ မိုးတုရွာသွန်းခြင်းနှင့် ရေဖုံးများ ကြဲချခြင်းတို့ကို အင်ဒိုနီးရှားနိုင်ငံက ဆောင်ရွက်သွား မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ဩဂုတ် ၂၅ ရက်တွင် ပြောကြားသည်။

ဆူမားတြားနှင့် ဘော်နီယိုကျွန်းရှိ တောမီးလောင်ကျွမ်းရာ နေရာများသို့ စစ်ဘက်ဆိုင်ရာ ကုန်တင်လေယာဉ်များအသုံးပြုကာ တစ်ကြိမ်လျှင် ရေလီတာ ၁၀၀၀ မှ ၃၀၀၀ ပါရှိသော ရေဖုံးများကို ကြဲချသွားမည်ဖြစ်ကြောင်း လူမှုဖူလုံရေး ဝန်ကြီး အာဘူရီဇယ်လ်ဘက်ခ်ရီက ပြောကြားသည်။

မိုးတုရွာသွန်းသောနည်းဖြင့် တောမီးလောင်မှုကို ရာနှုန်းပြည့် မငြိမ်းသတ်နိုင်သော်လည်း မီးလောင်မှုကို လျော့ပါးသွားစေနိုင်ကြောင်း ဘက်ခ်ရီက ပြောကြားသည်။ စိုက်ခင်းမြေယာ ဖော်ထုတ်ရာတွင် တောမီးရှို့မှု မပြုလုပ်ရန် အစိုးရက လက်ကမ်းစာစောင်များ ဖြန့်ဝေသွားမည်ဖြစ်သည်။

စိုက်ခင်းမြေကို မီးရှို့ခဲ့သည့် ကုမ္ပဏီနှစ်ခုကိုလည်း စုံစမ်းစစ်ဆေးလျက်ရှိသည်ဟုဂင်းကပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

လက်ဘနွန်တွင် ရေနံယိုဖိတ်မှု စိုးရိမ်ဖွယ်မရှိ

ဘေရွတ် ဩဂုတ် ၂၇

အစ္စရေး-လက်ဘနွန် ပဋိပက္ခအတွင်း အစ္စရေးတပ်ဖွဲ့က ဒုံးကျည်ဖြင့် တိုက်ခိုက်မှုကြောင့် လက်ဘနွန်ရှိ ဓာတ်အားပေးစက်ရုံတစ်ရုံမှထွက်ရှိလာသည့်ရေနံများမှာလက်ဘနွန်ကမ်းရိုးတန်းကမ်းလွန်အထိ စီးဆင်းပျံ့နှံ့ သွားခဲ့သည်။ သို့ရာတွင် ဒေသဆိုင်ရာအဏ္ဏဝါလောက ထိခိုက်ပျက်စီးနိုင်မှုမှာ မူလက စိုးရိမ်ပူပန်ခဲ့သလောက် အခြေအနေ မဆိုးရွားကြောင်း လက်ဘနွန်ပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့တစ်ဖွဲ့က ဩဂုတ် ၂၅ ရက်တွင် ပြောကြားသည်။

ရေနံယိုဖိတ်ပျံ့နှံ့မှုကြောင့် အခွံမာရေသတ္တဝါများ၊ ငါးလောက်လမ်းများနှင့် ပင်လယ်လိပ် အကောင်ပေါက်များမှာ ထိခိုက်မှု များပြားခဲ့သော်လည်း အကောင်ကြီးငါးများမှာ ထိခိုက်မှု မရှိကြောင်း "လက်ဘနွန်၏ပင်လယ်" အမည်ရှိ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့မှ ဘာလိုယူနန်က ပြောကြားသည်။ ယခု ဖြစ်ပွားရာ နေရာသည် ပင်လယ်နီ မဟုတ်ကြောင်း၊ သန္တာကျောက်တန်းကြီးများလည်း မရှိကြောင်း၊ ရေမြုပ်များ ဖြစ်ပွားမှုလည်း မရှိကြောင်း လက်ဘနွန်ကမ်းခြေ ညစ်ညမ်းမှု ထိန်းသိမ်းရေး ကျွမ်းကျင်ရေငုပ်သမားများ၏ ခေါင်းဆောင် မိုဟာမက် အာဆာဂျီက ပြောကြားသည်။

လက်ဘနွန်တွင် ငါးဖမ်းလုပ်ငန်းကို အကန့်အသတ်ဖြင့်သာ လုပ်ကိုင်ကြောင်း ၎င်းက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။ ရေနံယိုဖိတ်မှုသည် စိုးရိမ်ဖွယ်ကောင်းသည်ဟု သတင်းစာများ၏ ဖော်ပြချက်လောက် အမှန်တကယ် ဆိုးရွားမှုမရှိကြောင်း ၎င်းက ပြောကြားသည်။

ယိုဖိတ်သွားသော ရေနံ၏ တစ်ရာခိုင်နှုန်းကိုသာလျှင် ဖယ်ရှားပြီးဖြစ်ကြောင်း ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး သမဂ္ဂ(အိုင်ယူစီအင်န်)က ပြောကြားသည်။ ရေနံယိုဖိတ်မှုကြောင့် ကမ်းခြေတစ်လျှောက်တွင် ကင်ဆာဖြစ်ပွားစေသော အဆိပ်အတောက်များပျံ့နှံ့ခဲ့ကြောင်း၊နောက်နှစ်များတွင် ငါးများ ရုတ်တရက်သေကျေမှု ဖြစ်ပွားလာနိုင်ကြောင်း အဆိုပါအဖွဲ့က ဆိုသည်။

အမ်အင်အေ၊ ရိုက်တာ။

အင်္ဂလန်တောင်ပိုင်း အီတန်၌ကျင်းပသည့် အမျိုးသား လေးယောက်စီး လှေလှော်ပြိုင်ပွဲဗိုလ်လုပွဲတွင် အနိုင်ရရှိသည့် တရုတ်နိုင်ငံအသင်း အောင်ပွဲခံနေသည်ကို ဩဂုတ် ၂၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

လက်ဘနွန်စစ်ပွဲနှင့် ပတ်သက်၍ အစ္စရေးပြည်သူများ ကျေနပ်မှု မရှိ

ဂျေရုဆလင် ဩဂုတ် ၂၇

လက်ဘနွန်တွင် ဖြစ်ပွားသည့်စစ်ပွဲနှင့် ပတ်သက်၍ အစ္စရေးဝန်ကြီးချုပ် အိုးလ်မတ်၏ ကိုင်တွယ်ဖြေရှင်းပုံကို အစ္စရေးပြည်သူ ၆၃ ရာခိုင်နှုန်းက ကျေနပ်မှုမရှိကြကြောင်း သတင်းစာတစ်စောင်က ကောက်ယူသည့် လူထုသဘောထား စစ်တမ်းတစ်ရပ်အရ သိရှိရသည်။

အစ္စရေးနိုင်ငံ၏ စောင်ရေအများဆုံးသတင်းစာဖြစ်သည့် 'ယီဒိုင်ယော့အရိုနော့'က အဆိုပါ လူထုစစ်တမ်းသည် ဝန်ကြီးချုပ် အိုးလ်မတ်အစိုးရအတွက် နိုင်ငံရေးအရ တုန်လှုပ်စရာဖြစ်နိုင်ကြောင်း ဖော်ပြသည်။

ဟစ်ဇ်ဘိုလာပြောက်ကျားများအား လုံးဝချေမှုန်းနိုင်စွမ်း မရှိမှုကြောင့် အစ္စရေးပြည်သူများ၏ ထောက်ခံမှု သိသိသာသာ ကျဆင်းလျက်ရှိသည်။

ဖော်ပြပါ သတင်းစာက ပထမဆုံးကောက်ယူသည့် လူထုသဘောထားစစ်တမ်းအရ ၆၃ ရာခိုင်နှုန်းက အိုးလ်မတ်၏ ကိုင်တွယ်ဆောင်ရွက်ပုံကို သဘောမကျကြကြောင်း သတင်းစာက ရေးသားသည်။

အမ်အင်အေ၊ ရိုက်တာ။

ဆီးရီးယားသို့ သမ္မတချာဗက်ဇ်သွားရောက်မည်

ကာရာကာ့စ်(ဗင်နီဇွဲလား) ဩဂုတ် ၂၇

ဗင်နီဇွဲလား သမ္မတဟူဂိုချာဗက်ဇ်သည် ဆီးရီးယားနိုင်ငံသို့ သွားရောက်ရန် စီစဉ်လျက်ရှိသည်ဟု သောကြာနေ့တွင် ပြောကြားကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်၏ အစိုးရအဖွဲ့နှင့် အမြဲတစေ ထိပ်တိုက်တွေ့တတ်သည့် သမ္မတ ချာဗက်ဇ်သည် အမေရိကန်နှင့် ရန်ဘက်ဖြစ်နေသော ဆီးရီးယားနိုင်ငံနှင့် ဆက်ဆံရေးမြှင့်တင်ရန် ကြိုးပမ်းလျက်ရှိကြောင်း နိုင်ငံရေးအကဲခတ်များက ပြောကြားသည်။ မိမိ၏နိုင်ငံသည် ဆီးရီးယားနိုင်ငံနှင့် စွမ်းအင်နှင့် နိုင်ငံရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရန် ရည်မှန်းထားကြောင်း ချာဗက်ဇ်က ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

ကွန်ပျူတာပြပွဲ ဟောင်ကောင်၌ ကျင်းပ

ဟောင်ကောင် ဩဂုတ် ၂၇

၂၀၀၆ ခုနှစ်အတွက် ဟောင်ကောင်ကွန်ပျူတာနှင့် ဆက်သွယ်ရေး ကိရိယာပြပွဲကို သောကြာနေ့တွင် ဖွင့်လှစ်လိုက်ကြောင်း၊ ကမ္ဘာတစ်ဝန်းရှိ အိုင်တီအထင်ကရ ကုမ္ပဏီပေါင်း ၁၉၀ ကျော်က ပါဝင်ပြသလျက်ရှိကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါပြပွဲကို လေးရက်ကြာ ကျင်းပမည်ဖြစ်ပြီး ပြပွဲကာလအတွင်း ကွန်ပျူတာဆော့ဖ်ဝဲ၊ ကွန်ပျူတာ ဟတ်ဒ်ဝဲ၊ အိပ်ချ်ဒီတီဗွီ၊ ဒစ်ဂျစ်တယ်ကင်မရာများနှင့် ဆက်သွယ်ရေးကိရိယာများ အပါအဝင် အိုင်တီနည်းပညာသုံး ထုတ်ကုန်ပစ္စည်းများကို ခင်းကျင်းပြသထားမည် ဖြစ်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ဂရိ၌ မီးရှို့မှုဖြစ်ပွား

အေသင် ဩဂုတ် ၂၇

ဂရိနိုင်ငံ အေသင်မြို့၌ သောကြာနေ့စောစောပိုင်းက မီးရှို့မှုနှစ်ရပ်ဖြစ်ပွားရာ ထိခိုက်ဒဏ်ရာရသူမရှိဘဲ အပျက်အစီးအနည်းငယ်မျှသာ ရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အေအီးကေ အေသင်ဘောလုံးအသင်း၏ ဝါသနာအိုးအဖွဲ့ရုံးခန်းနှင့် မက်ဒေါ်နယ်စားသောက်ဆိုင် တစ်ဆိုင်အတွင်းသို့ မည်သူမည်ဝါမှန်း မသိရသော လူများက အိမ်လုပ်မီးလောင်ဗုံးများကို ပစ်ထည့်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

စက်ဘီးစီးလူငယ် ၁၀ ဦး ခန့်သည် အေအီးကေဝါသနာအိုး အဖွဲ့ရုံးကို နံနက် ၂ နာရီတွင် ကျောက်ခဲများ၊ အရက်ပုလင်းများဖြင့် ပစ်ပေါက်ကာ ဖျက်ဆီးကြကြောင်း၊ ထို့နောက် ထွက်ပြေးသွားကြကြောင်း၊ မီးလောင်မှုဖြစ်ပွားပြီး အပျက်အစီးအနည်းငယ်ရှိခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ငှက်ဖျားရောဂါကြောင့် ဇမ်ဘီယာ၌ မိခင်သေဆုံးမှု များပြား

လူဆာကာ ဩဂုတ် ၂၇

ဇမ်ဘီယာနိုင်ငံတွင် မိခင်များ သေဆုံးရသည့် အဓိကအကြောင်းရင်းတစ်ရပ်မှာ ငှက်ဖျားရောဂါဖြစ်ကြောင်း ကျန်းမာရေးတာဝန်ရှိသူများက စနေနေ့တွင်ပြောကြားသည်။ ဇမ်ဘီယာနိုင်ငံတွင် မိခင်များသေဆုံးရမှုအရေအတွက်၏ ၂၀ ရာခိုင်နှုန်းမှာ ငှက်ဖျားရောဂါဖြစ်ပွားခြင်းကြောင့် ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဆိုင်မွန်မစ်တီက ကျန်းမာရေးဆိုင်ရာ ဆွေးနွေးပွဲတွင် ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အမေရိကန် အာကာသလွန်းပြန်ယာဉ် အတ္တလန်တစ်နှင့် လိုက်ပါမည့် အာကာသယာဉ်မှူး ခြောက်ဦးကို ဩဂုတ် ၂၅ရက်က ဖလော်ရီဒါ၌ တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စင်ကာပူနိုင်ငံ ဈေးကွက်၌ ရောင်းချနေသည့် ခေတ်ပေါ် အမ်ပီသရီးပလေယာများကို ဩဂုတ် ၂၇ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့ငြိမ်းချမ်းရေးထိန်းသိမ်းရန် ဂျပန်ဝန်ကြီးချုပ် တိုက်တွန်း

တိုကျို ဩဂုတ် ၂၇

ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိန်းသိမ်းနိုင်စေရေးအတွက် ယဉ်ကျေးမှုနှင့် ဘာသာရေးအရ ဖြစ်ပေါ်လာသည့် သဘောထားကွဲလွဲမှုများကို ဆွေးနွေးအဖြေရှာကြရန် ဝန်ကြီးချုပ် ဂျွန်နီချီရောကိုအိဇုမိက ဂျပန်နိုင်ငံ ကျိုတို၌ ကျင်းပသည့် ကမ္ဘာ့ဘာသာရေးခေါင်းဆောင်များညီလာခံတွင် စနေနေ့က တိုက်တွန်းလိုက်သည်။

တက်ရောက်

ကမ္ဘာ့ဘာသာရေးခေါင်းဆောင်များ ညီလာခံသို့ နိုင်ငံပေါင်း ၁၀၀ ခန့်မှ ဘာသာရေးခေါင်းဆောင် ၅၀၀ ခန့်၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၁၅၀၀ တို့ တက်ရောက်ကြသည်။

ကမ္ဘာ့ဘာသာရေးခေါင်းဆောင်များ ညီလာခံတွင် ကိုယ်စားလှယ်များက ငြိမ်းချမ်းရေး အခွင့်ရှည်ဖြစ်ပေါ်လာစေရန် ပဋိပက္ခများနှင့် ဆင်းရဲမွဲတေမှု လျှော့ချနိုင်မည့် နည်းလမ်းများကို ဆွေးနွေးကြသည်။ ဘာသာရေးပဋိပက္ခများဖြစ်ပွားခြင်း၊ ဆင်းရဲမွဲတေမှုပြဿနာနှင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းမှုပြဿနာတို့ကဲ့သို့ ကမ္ဘာ့နိုင်ငံများ ရင်ဆိုင်နေရသည့် ပြဿနာများတွင် ဘာသာရေးခေါင်းဆောင်များက တက်ကြွသည့်အခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားကြရန် ကိုအိဇုမိက တိုက်တွန်းသည်။

သေကျေပျက်စီး

ကမ္ဘာ့နေရာဒေသအချို့တွင် စစ်ပွဲများ ဆက်လက်ဖြစ်ပွားနေကြောင်း၊ စစ်ရေးပဋိပက္ခများကြောင့် ကလေးသူငယ်များနှင့် အရပ်သူ၊ အရပ်သားများ သေကျေပျက်စီးကြရကြောင်း ဂျပန်နိုင်ငံ တင်ဒိုင်းဗုဒ္ဓတက္ကသိုလ်မှ ဝါတာနာဘေးက ပြောကြားသည်။

အမ်အင်အေ၊ဆင်ပွာ။

အီရတ်နိုင်ငံ စည်းလုံးညီညွတ်ရေး ကွန်ဖရင့်ဖွင့်လှစ်

ဘဂ္ဂဒက် ဩဂုတ် ၂၇

အီရတ်နိုင်ငံ စည်းလုံးညီညွတ်ရေး ပထမအကြိမ် ကွန်ဖရင့်ကို မြို့တော်ဘဂ္ဂဒက်တွင် လူမျိုးစုခေါင်းဆောင်များက စနေနေ့တွင် ဖွင့်လှစ်ပေးလိုက်သည်။

ယခုကျင်းပသည့် ကွန်ဖရင့်တွင် အချုပ်အခြာအာဏာပိုင်စိုးရေး၊ ပြည်သူ့စစ်များ၏ အခန်းကဏ္ဍ စသည့် အကြောင်းရပ်များနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးကြမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် နူရီအယ်လ်-မာလီကီက ပြောကြားသည်။

ဝန်ကြီးချုပ် မာလီကီသည် ပြီးခဲ့သည့် ဇွန်လနှောင်းပိုင်းက နိုင်ငံတော်စည်းလုံးညီညွတ်ရေး အစီအစဉ်တစ်ရပ်ကို ထုတ်ပြန်ကြေညာခဲ့သည်။ သို့ရာတွင် ယင်းအစီအစဉ်နှင့်ပတ်သက်၍ အငြင်းပွားမှုများ ပေါ်ပေါက်ခဲ့သည်။

လိုအပ်

ယနေ့ကာလတွင် အီရတ်နိုင်ငံသားတိုင်း နိုင်ငံပြန်လည်ထူထောင်ရေး လုပ်ငန်းများ၌ ပါဝင်ရန် လိုအပ်ကြောင်း အီရတ်ဝန်ကြီးချုပ်က ပြောကြားသည်။

အီရတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော ပြဿနာရပ်များအတွက် ဆွေးနွေးအဖြေရှာကြရန် လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

မိမိတို့နိုင်ငံတွင် စည်းလုံးညီညွတ်မှု ရရှိမှသာလျှင် ပြည်ပနိုင်ငံများ၏ ဩဇာသက်ရောက်မှုမှ လွတ်မြောက်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ် မာလီကီက ပြောကြားသည်။

ကန့်ကွက်

ဝန်ကြီးချုပ် မာလီကီချမှတ်ခဲ့သော နိုင်ငံတော်စည်းလုံးညီညွတ်ရေး အစီအစဉ်သည် ဆွန်နီစစ်သွေးကြွများကို ငြိမ်းချမ်းရေးကမ်းလှမ်းမှု ဖြစ်စေခဲ့သည်။ သို့ရာတွင် ယင်းအစီအစဉ်ကို ရှီးယိုက်ခေါင်းဆောင်အချို့နှင့် အမေရိကန်တာဝန်ရှိသူများက ကန့်ကွက်ခဲ့ကြသည်။

အမ်အင်အေ၊ဆင်ပွာ။

တရုတ်နိုင်ငံ ချုံကင်းမြို့၌ မိုးခေါင်သဖြင့် မိုးတုရွာချစေရန် ဆောင်ရွက်လျက် ရှိသည်ကို ဩဂုတ် ၂၆ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အကြမ်းဖက်မှုတိုက်ဖျက်ရေး တရုတ်နှင့်ကာဇက်စတန် ပူးတွဲစစ်ရေးလေ့ကျင့်

အူရမ်ကီ ဩဂုတ် ၂၇

တရုတ်နိုင်ငံနှင့် ကာဇက်စတန်နိုင်ငံတို့၏ အကြမ်းဖက်မှု တိုက်ဖျက်ရေး ပူးတွဲစစ်ရေးလေ့ကျင့်မှုကို စနေနေ့တွင် စတင်ကြောင်း ဆင်ဟွာသတင်းဌာနက သတင်းဖော်ပြသည်။

တရုတ်နိုင်ငံအနောက်ပိုင်း ဇင်ကျန်းအူဂါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် နှစ်နိုင်ငံ နယ်ခြားစောင့် ရဲတပ်ဖွဲ့နှင့် အထူးလုံခြုံရေးတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များက အကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာ ပူးတွဲလေ့ကျင့်မှုကို ပြုလုပ်ကြသည်။ ပူးတွဲစစ်ရေး လေ့ကျင့်မှုတွင် အဆင့်မြင့် နည်းပညာသုံး လက်နက်များ၊ ရဟတ်ယာဉ်များနှင့် စစ်ယာဉ်များကို အသုံးပြုကာ လေ့ကျင့်ကြကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ပွာ။***

နျူကလီးယားစက်ရုံသစ် အီရန်တွင် ဖွင့်လှစ်

တီဟီရန် ဩဂုတ် ၂၇

အီရန်သမ္မတ မာမွတ်အာမက်နီဂျက်သည် နိုင်ငံအလယ်ပိုင်း အာရက်မြို့ရှိ နျူကလီးယားစက်ရုံသစ်ကို စနေနေ့တွင် ဖွင့်လှစ်ပေးလိုက်သည်။

အသစ်ဖွင့်လှစ်လိုက်သော ရေလေး (heavy water) နျူကလီးယားစက်ရုံကို ယင်းစက်ရုံအနီး၌ တည်ဆောက်လျက်ရှိသည့် နျူကလီးယား သုတေသန ဓာတ်ပေါင်းဖိုအတွက် လိုအပ်သည့် ကုန်ကြမ်း ဖြည့်ဆည်းပေးရာတွင် အသုံးပြုမည်ဖြစ်သည်။ ရေလေး နျူကလီးယားစက်ရုံသည် တစ်နှစ်လျှင် ရေလေး ၁၆ တန် အထိ ထုတ်လုပ်ပေးနိုင်စွမ်းရှိကြောင်း ယင်းစက်ရုံ၏ အထက်တန်းတာဝန် ရှိသူ မာဒီဒီက ပြောကြားသည်။ အီရန်နိုင်ငံတွင် တည်ဆောက်လျက် ရှိသော နျူကလီးယား သုတေသန ဓာတ်ပေါင်းဖို စီမံကိန်းသည် နိုင်ငံတွင် အကြီးကျယ်ဆုံးသော နျူကလီးယား စီမံကိန်းဖြစ်သည်။ ***အမ်အင်အေ၊ဆင်ပွာ။***

လေယာဉ်ပေါ်ဒိုင်းနမိုက် သယ်ဆောင်လာသူ ဟူစတန်လေဆိပ်၌ အဖမ်းခံရ

ဟူစတန် ဩဂုတ် ၂၇

အာဂျင်တီးနားနိုင်ငံ ဗျူနိုအေရီမြို့မှ လေယာဉ်ဖြင့် လိုက်ပါလာသူ အမေရိကန်နိုင်ငံသား တစ်ဦးသည် ၎င်း၏ ခရီးဆောင်သေတ္တာအတွင်း ဒိုင်းနမိုက် (သို့မဟုတ်) ဖောက်ခွဲရာ၌ အသုံးပြုသော ပစ္စည်းတစ်မျိုးကို သယ်ယူလာမှုကြောင့် အမေရိကန်နိုင်ငံ ဟူစတန်လေဆိပ်အရောက်၌ အဖမ်းခံလိုက်ရကြောင်း တာဝန်ရှိသူများက သောကြာနေ့တွင် ပြောကြားသည်။

ဖောက်ခွဲနိုင်သော ပစ္စည်းကို သယ်ဆောင်လာသူမှာ အသက် (၂၀) နှစ်အရွယ်ရှိ အမျိုးသားတစ်ဦးဖြစ်သည်။

တွေ့ရှိ

ဟူစတန်လေဆိပ်တွင် လုံခြုံရေးဝန်ထမ်းများက ၎င်း၏ ခရီးဆောင်သေတ္တာကို အနံ့ခံခွေးများအသုံးပြု၍စစ်ဆေးရာ၌ ဒိုင်းနမိုက်(သို့မဟုတ်) ဒိုင်းနမိုက်ဖောက်ခွဲရာ၌ အသုံးပြုသောပစ္စည်းတစ်မျိုးကို တွေ့ရှိခဲ့သည်။

အဆိုပါ အမျိုးသားကို ပြည်ထောင်စု စုံစမ်းစစ်ဆေးရေးဗျူရို (အက်ဖ်ဘီအိုင်)က စစ်ဆေးလျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

ဒိုင်းနမိုက်များ ပါလာသည့် လေယာဉ်ကို အမေရိကန်နိုင်ငံ ဟူစတန်လေဆိပ်၌ ဩဂုတ် ၂၅ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ရုရှားနိုင်ငံမှ ၁၉ ရာစုခေတ် ဘုရားကျောင်း မီးလောင်

စိန့်ပီတာစဘတ် ဩဂုတ် ၂၆

ရုရှားနိုင်ငံ စိန့်ပီတာစဘတ် မြို့လယ်ကောင်ရှိ ၁၉ ရာစုနှစ်က တည်ဆောက်ခဲ့သော ဘုရားကျောင်းကြီး မီးလောင်မှုကြောင့် ပျက်စီးခဲ့ရကြောင်း မီဒီယာများက ဖော်ပြသည်။

ထိုဘုရားကျောင်းကြီး၏ လှပသော အနုပညာနှင့်ယဉ်ကျေးမှု လက်ရာများကြောင့် နှစ်စဉ် ကမ္ဘာ့လှည့်ခရီးသည် ထောင်ပေါင်းများစွာ လာရောက်ကြည့်ရှုလေ့ရှိကြသည်။

အဆိုပါ မီးလောင်မှုကြောင့် ဘုရားကျောင်းကြီး၏ လိပ်ခုံးသဏ္ဌာန်အမိုးမှာ လုံးဝပျက်စီးသွားရသည်။ ယင်းလိပ်ခုံးအမိုးကြီးသည် ဥရောပရှိ အဆောက်အအုံများအနက်အကြီးဆုံးသောသစ်သား လိပ်ခုံးအမိုးကြီးတစ်ခုဖြစ်ကြောင်း သိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

စည်ပြောသံညံညံ ကုန်းတောင်းရွာ အားမာန်

မောင်ဝ (စိုက်ပျိုးရေး)

ကုန်းတောင်းရွာသည် သာစည်မြို့နယ် အတွင်းရှိ ရွာကြီးတစ်ရွာ ဖြစ်သည်။ မိတ္ထီလာ–သာစည် ကားလမ်းမကြီးအတိုင်းသွားလျှင် မိတ္ထီလာ မြို့မှ ခုနစ်မိုင်ခန့်၊ သာစည်မြို့မှ ခုနစ်မိုင်ခန့်အကွာ တွင်ရှိသည်။ ရှေးအခါကပင် "ထီလာကောင်း ကုန်းတောင်း" ဆိုရိုးစကားအတိုင်း မိုးအခါ၌ မိတ္ထီလာ ကန်ကြီး ရေပြည့်ပါက ကုန်းတောင်းရွာကြီး ရေ သောက်ရပြီး ဆန်ရေစပါး အပြည့်အဝစိုက်ပျိုးနိုင်ကာ လူအများ သာယာဝဖြိုးသည့် အစဉ်အလာ ရှိခဲ့ဖူးပါ သည်။ ဤအစဉ်အလာ ဤအကျိုးကို ပြန်လည် ရရှိခံစားနိုင်ရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၏ ကူညီပံ့ပိုးမှုဖြင့် ၂၀၀၄ခုနှစ် နိုဝင်ဘာလ နှင့် ဒီဇင်ဘာလများတွင် ကုန်းတောင်းဆည်ကို စုပေါင်း၍ ပြန်လည်ပြုပြင်တည်ဆောက်ခဲ့သည်။ ဆည်ပြုပြင်ပြီးနောက် ဆည်အတွင်း ဖြည့်စွက်ရေရရှိရေး အတွက် မိတ္ထီလာမြောက် ကန်သောက်၊ ကောက်ကွေ့ တောမြောင်းမှ ကုန်းတောင်း မြောင်းခွဲ အသစ်ထပ်မံ ဖောက်လုပ်ပြီး ကုန်းတောင်း ဆည်သို့ လိုအပ်သည့် ရေများ ထပ်မံဖြည့်ပေးနိုင်ခဲ့ပါသည်။ ၂၀၀၅–၂၀၀၆ ခုနှစ် မိုးရာသီတွင် မူလ မိုးကောင်းသောက်စပါး ၅၆၆ဧကအပြင် ဆည်ရေသောက်စပါး ၇၃၆ဧက

> **နွေစပါးစတင်စိုက်ပျိုးသော နှစ်၌ပင် လုပ်ငန်း တွင်ကျယ် လေလွင့်မှုနည်းစေရန် ဤသို့ စက်ဖြင့် ရိတ်ကြရသည်။**

ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ခဲ့သဖြင့် ကုန်းတောင်းအုပ်စုအနေဖြင့် စုစုပေါင်း ၁၃၀၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။

ကုန်းတောင်းအုပ်စုတွင် ကျေးရွာသူကျေးရွာ သားများသည် ယခုနှစ် နွေစပါးစိုက်ခဲ့ကြသည်။ လိုသည့်ရေကို ကုန်းတောင်းဆည်မှရသည်၊ မျိုးစပါး ကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန၏ ပံ့ပိုးမှုဖြင့် ကုန်းတောင်းဒေသနှင့် ကိုက်ညီ သင့်လျော်သည့် ဆင်းသွယ်လတ်စပါးကို စိုက်ပျိုးစေ ခဲ့ပါသည်။ ဌာနမှမစိုက်မီ မျိုးစေ့ကိုမျိုးကွဲပယ်ရေး၊ မျိုးစေ့ကို ဆားရည်စိမ်ပြီး မျိုးစေ့သန့်စင်ရေး၊ မျိုးစေ့ ကို စမ်းသပ်အညှောက်ဖောက်ပြီးမှ ပျိုးထောင်ရေး၊ ပျိုးဝါးခြမ်းရအောင်၊ သို့မဟုတ် ပေါင်ပျိုးထောင်ရေး၊ ဆားပေါက်မြေများကို စိုက်ပျိုးရာတွင် ထယ်မထိုး ဘဲ ထွန်ကိုသာမွှေပြီး စိုက်ပျိုးရေး၊ စိုက်ခင်းမြေပြု ပြင်စဉ် သဘာဝမြေဩဇာ လှည်းငါးစီးမှ ၁၀ စီး၊ ဘိုင်အိုကွန်ဇာ တစ်အိတ် ထည့်သွင်းပေးရေး၊ စိုက်ခင်း တွင် ပေါင်းနိုင် နိုင်နှိမ်ပေးရေး၊ ဇီဝစူပါရွက်ဖျန်း မြေဩဇာအရည်ကို စတင်စိုက်ပြီး ၁၅ရက်ခန့်တွင် တစ်ကြိမ်နှင့် အပင်မှို့ ကပ်ချိန်တွင် တစ်ကြိမ်စုစုပေါင်း နှစ်ကြိမ်ပက်ဖျန်း ပေးရေး စသည့်စိုက်ပျိုးနည်းပညာ များပေးခဲ့ပါသည်။ မိုးစပါးမှာလည်း ဆည်ရေအပြည့် အဝ ရရှိခဲ့သည့် အတွက် ယခင်နှစ်ကထက် ၇၃၆ဧက ပိုမိုစိုက်ပျိုး နိုင်ခဲ့ကြသကဲ့သို့ ယခုနွေစပါးမှာလည်း ရေရရှိသည့် အတွက် နွေစပါး၆၇ဧကစိုက်နိုင်ခဲ့သည်။ စိုက်ပျိုးရာတွင် လုပ်ကိုင်ဆောင်ရွက်ရမှု လွယ်ကူစေရန်အတွက်တစ်ကွင်း တည်း တစ်စပ်တည်း စိုက်ပျိုးခဲ့ကြသည်။ စိုက်ပျိုးရေး တာဝန်ခံက ရှင်းလင်းပြသသည်များ လိုက်နာ ဆောင်ရွက်ခဲ့ကြသည်။ ဒေသခံ ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ ကလည်း ဆေးဖျန်းပုံးများ ဖြင့် ဇီဝရွက်ဖျန်း မြေဩဇာအရည်များကို လိုအပ်လျှင် လိုအပ်သလို လိုက်လံဖျန်းပေးသည်။ နွေစပါး

> **ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များက အသင်းပိုင် ဆေးဖျန်းပုံးဖြင့် ရွက်ဖျန်းမြေဩဇာ ပက်ဖျန်းခဲ့ကြစဉ်။**

အထွက်တိုးရေးအတွက် တက်ကြွစွာ ဆောင်ရွက်ပေးခဲ့ ကြသည်။ တောင်သူ လယ်သမားများအတွက် အားတက် စရာဖြစ်ခဲ့သည်။

ကုန်းတောင်းရွာသည် ဌာန၊ လူထုညီညွတ်မှု ဖြင့် နွေစပါးကို ယခုမှစတင်၍ စိုက်ပျိုးနိုင်ခဲ့ခြင်း ဖြစ်သော်လည်း စိုက်သမျှ အောင်မြင်ခဲ့သည်။ ဤသို့အောင်မြင်သည်မှာ စိုက်ပျိုးရေး နည်းပညာပေး မှုကို ကျေးရွာလူထုက တိတိကျကျ လိုက်နာ ဆောင်ရွက်ခြင်းကြောင့်ဖြစ်သည်။ ကျေးရွာလူထု၏ နွေစပါးအောင်မြင်လိုသော စိတ်ဆန္ဒက အဓိက ဖြစ်သည်။

ကုန်းတောင်းကျေးရွာသည် ယခင်က နွေစပါး လုံးဝ စိုက်ပျိုးနိုင်ခြင်းမရှိသဖြင့် ယခုနှစ် စိုက်ပျိုး သည်ကို ရွာအနီးပတ်ဝန်းကျင်တစ်ဝိုက်တွင် အထူး အဆန်းသဖွယ်ဖြစ်နေကြသည်။ ပုံမှန်အားဖြင့် မိုး ကောင်းသောက် မိုးစပါးကိုသာ စိုက်နိုင်ပြီး တစ်ဧက လျှင် ပျမ်းမျှတင်း ၃၀ခန့်သာ ထွက်ရှိခဲ့ပါသည်။ ယခုနှစ်တွင် မိုးစပါးကို ၁၃၀၂ဧက စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကပျမ်းမျှ ၅၇ဒသမ ၁၇တင်းအထိ ထွက်ရှိခဲ့ သည်။ ဆက်လက်၍ နွေရာသီတွင် ဆင်းသွယ် လတ်စပါးမျိုးဖြင့် စတင်စိုက်ပျိုးပြီး ပူးပေါင်းဆောင် ရွက်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ အောင်မြင်ခြင်းဖြစ် ပါသည်။ စပါးဖြစ်ထွန်းမှု အခြေအနေအပေါ် ကျွမ်း ကျင်သူများ၏ တွက်ချက်မှုအရ တစ်ဧကလျှင် ၁၀၅တင်းမှ ၁၂၀အထိ ထွက်ရှိနိုင်မည်ဟု သိရှိရ သည်။ ဤအထွက်နှုန်းသည် စပါး၏ သတ်မှတ်ပန်း တိုင် အထွက်နှုန်းထက် ကျော်မည်ဖြစ်ပါသည်။

ကုန်းတောင်း ရွာသူရွာသားများသည် ယခုနှစ် မိုးစပါး၊ နွေစပါးမှစ၍ ပန်းတိုင်အထွက်နှုန်းရအောင် ကြိုးပမ်းနိုင်ပြီဟု မှတ်တိုင်အသစ် စိုက်ထူနိုင်ခဲ့ပြီ၊ မိုးစပါး၊ နွေစပါးနည်းစနစ်မှန်စွာ စိုက်ပျိုးပါက ဆန်ရေစပါး ပေါကြွယ်လာမည်ကို တောင်သူလယ် သမားများ သိရှိလာကြပြီ။ ထို့အပြင် ဌာန၊ ကျေးရွာ လူထု၊ ဒေသခံပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ ပူးပေါင်းဆောင်ရွက်လျှင် အောင်မြင် နိုင်သည်ကိုလည်း သိရှိလာကြပြီ။

နည်းစနစ်မှန်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု တို့ကြောင့် ဆန်ရေစပါး ပေါကြွယ်လာသည်နှင့်အမျှ ရွာမှာရှိသော "ဘုန်းခံ မြင့်ရှိန်သိမ်ဘုရား"ရှိ ဘုန်း တော်ကြီးကျောင်း၌ သားသမီးများကို ရှင်ပြု၊ နားသ အလှူပေးနိုင်မည်ဖြစ်ပြီး ကုန်းတောင်းရွာမှ စည်ပြော သံသည် ပတ်ဝန်းကျင်ရွာများမှတစ်ဆင့် အခြားနေရာ အနှံ့သို့လည်း ပဲ့တင်သံရိုက်ခတ်နေမည်မှာ မလွဲ ဧကန် ဖြစ်ပါတော့သည်။ ။

ဩဂုတ် ၂၆ ရက်က ဒလမြို့နယ် ခနုတ်ကျေးရွာ ဆံတော်ရှင် ခနုတ် စေတီတော်မြတ်ကြီး ပြန်လည်တည် ထားရန်အတွက် အလှူတော်ငွေ ပေးအပ်ပွဲကို ယာယီအလှူခံမဏ္ဍပ်၌ ပြုလုပ်ရာ ဒလမြို့နယ် ဗညားဒလ ရပ်ကွက်နေ ဆရာလေး ဒေါ်ဥာဏ သိင်္ဂီက ငွေကျပ် တစ်သိန်းကို အလှည့်ကျ အလှူငွေ ကောက်ခံရေး အဖွဲ့ ဗညားဒလရပ်ကွက် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဖေအောင်ထံ ပေးအပ် လှူဒါန်းစဉ်။

(၅၂၉)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော် ကြီးဖြစ်မြောက်ရေးအတွက် လှိုင် သာယာမြို့နယ် FMI City၊ သဇင် (၃)လမ်းနေ မိခင်ဒေါ်သိန်းသိန်းဝင်း (၆၁)နှစ်ပြည့် မွေးနေ့၊ သမီးကြီး မချိုချိုသန်း (Catherine) (၄၃) နှစ်ပြည့်မွေးနေ့၊ သမီး မအိအိသက် (၃၃)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ငွေကျပ် ၁၁၀၀၀၀ ကို ဘဏ္ဍာရေးမှူး ဦးဌေးမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ဆုချီးမြှင့်

ရန်ကုန်တိုင်း အလုံမြို့နယ် အထက(၄) ၂၀၀၅–၂၀၀၆ ပညာ သင်နှစ် မိဘဆရာအသင်း နှစ် ပတ်လည် အစည်းအဝေးနှင့် ပညာ ရည်ချွန်ဆုပေးပွဲကို ဩဂုတ်၂၆ရက်က ကျင်းပရာ တက္ကသိုလ်ဝင် စာမေးပွဲ တွင် ခြောက်ဘာသာဂုဏ်ထူးရှင် မောင်ကောင်းဦးဟန်အား ကျောင်း အုပ်ဆရာမကြီး ဒေါ်ခင်မေဝင်း ဆုချီးမြှင့်စဉ်။

(ပညာရေး)

ဩဂုတ် ၂၄ရက်က ကမာရွတ်မြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအားကစားကွင်း၌ ကျင်းပသည့် ကမာရွတ်မြို့နယ် ပညာရေးမှူးဒိုင်း ဘောလုံးပြိုင်ပွဲတွင် ပညာရေးမှူး ဦးမောင်ချစ် ကွင်းဖွင့်အမှာစကား ပြောကြားစဉ်။

(ပညာရေး)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ဗဟိုအဆင့် ဆရာဖြစ်သင်တန်းဖွင့်

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း၏ မျိုးဆက်ပွားကျန်းမာ ရေးဆိုင်ရာ ပြည်သူလူထုအတွင်း ပညာပေးခြင်းနှင့် အမူအကျင့် ပြောင်းလဲစေရန် ဆက်သွယ်ဆောင် ရွက်ခြင်း ဗဟိုအဆင့် ဆရာဖြစ် သင်တန်း အမှတ်စဉ်(၁/၂၀၀၆) ဖွင့်ပွဲတွင် အမှာစကားပြောကြား စဉ်။

(သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၂၈

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သော မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပြည်သူလူထုအတွင်း ပညာပေးခြင်းနှင့် အမူအကျင့်ပြောင်းလဲစေရန် ဆက်သွယ်ဆောင်ရွက်ခြင်း ဗဟိုအဆင့် ဆရာဖြစ်သင်တန်း အမှတ်စဉ်(၁/၂၀၀၆) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဒေါ်အေးအေး၊ ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ၊ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့(UNFPA)ဌာနေကိုယ်စားလှယ် Mr. Daniel B.Baker နှင့် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့်သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Daniel B.Baker က စီမံချက်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက ရန်ကုန်တိုင်းအတွင်းရှိ စီမံချက်ဝင် လှိုင်သာယာမြို့နယ်နှင့် ရွှေပြည်သာမြို့နယ် နှစ်မြို့နယ်၊ ပဲခူးတိုင်း (အရှေ့ပိုင်း)အတွင်းရှိ စီမံချက်ဝင် ဖြူးမြို့နယ်နှင့် သနပ်ပင်မြို့နယ် နှစ်မြို့နယ်နှင့် ပဲခူးတိုင်း(အနောက်ပိုင်း) အတွင်းရှိ စီမံချက်ဝင် အုတ်ဖိုမြို့နယ်နှင့် လက်ပံတန်းမြို့နယ် နှစ်မြို့နယ်တို့တွင် မြို့နယ်အဆင့် သင်တန်းများနှင့် ရပ်ကွက်ကျေးရွာအဆင့် ဆင့်ပွားသင်တန်းများပြုလုပ်ရန် တစ်မြို့နယ်လျှင် ငွေကျပ် ၁၅၁၈၀၀၀စီနှင့် ခြောက်မြို့နယ်အတွက် ငွေကျပ်၉၁၀၈၀၀၀ကို ပေးအပ်ရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေ၊ ပဲခူးတိုင်း(အရှေ့ပိုင်း) မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာမြေအောင်နှင့် ပဲခူးတိုင်း (အနောက်ပိုင်း) မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သိန်းပိုင်တို့က လက်ခံကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သင်တန်းကာလ

အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ တစ်မြို့နယ်လျှင် ငါးဦးစီ စုစုပေါင်း ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်မည် ဖြစ်သည်။ (သတင်းစဉ်)

ပေးအပ်

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း ရန်ကုန်တိုင်းအတွင်းရှိ စီမံချက်ဝင်မြို့နယ်များတွင် မြို့နယ်အဆင့် သင်တန်းများနှင့် ရပ်ကွက်ကျေးရွာအဆင့် ဆင့်ပွားသင်တန်းများ ပြုလုပ်နိုင်ရန် ထောက်ပံ့ငွေများကို ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေသို့ ပေးအပ်စဉ်။

(သတင်းစဉ်)

ညောင်ပင်သာဆရာတော် တရားစခန်းပွဲများ ဖွင့်လှစ်ဟောကြားမည်

ရန်ကုန် ဩဂုတ် ၂၈

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ညောင်ပင်သာကျောင်းတိုက် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၏ ပဓာန နာယက မိုးကုတ် နယ်လှည့်ဓမ္မကထိက အရှင်မာလာစာရ(ဓမ္မာစရိယ) အရှင်သူမြတ်သည် မွန်ပြည်နယ် ပေါင်မြို့နယ် ဇင်းကျိုက်ကျေးရွာ ကျောက်သဘော်ကျောင်းတိုက်တွင် ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၅ ရက်ထိလည်းကောင်း၊ ညောင်ပင်သာကျောင်းတိုက် မိုးကုတ်ရိပ်သာတွင် စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်ထိ လည်းကောင်း ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း တရားစခန်းပွဲများ ဖွင့်လှစ်ဟောကြားပြသမည်ဖြစ်သည်။

တရားစခန်း ဝင်လိုသူများသည် ညောင်ပင်သာ ကျောင်းတိုက် ဖုန်း– ၆၄၀၂၆၇ သို့ ဆက်သွယ်စာရင်းပေး စုံစမ်းနိုင်ကြောင်း သိရသည်။

(က–ပ)

စီးပွားရေးဦးပိုင်လီမိတက်၏ (၂၁)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ စတင်ကျင်းပ

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက်၏(၂၁)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်း ရောင်းချပွဲ(၂၀၀၆)တွင် ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များ ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက်၏ (၂၁)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ (၂၀၀၆)ကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာ ကွန်ဗင်းရှင်းစင်တာ၌ စတင်ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်မှူးချုပ်ဝင်းသန်းနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါ ကျောက်မျက်နှင့်ကျောက်စိမ်း ရောင်းချပွဲတွင် ကျောက်မျက် အတွဲပေါင်း ၃၁၂တွဲ၊ ကျောက်စိမ်းအတွဲပေါင်း ၁၀၂၉တွဲတို့ကို Bargain စနစ်နှင့် Auction စနစ်တို့ဖြင့် ရောင်းချသွားမည် ဖြစ်သည်။

ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများကို ယနေ့မှစ၍ ဩဂုတ် ၃၀ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ရတနာကုန်သည်များ ကြည့်ရှုစစ်ဆေးရန် ပြသထားမည် ဖြစ်ပြီး ဩဂုတ် ၃၁ရက် နံနက် ၉နာရီတွင် Bargain စနစ်နှင့် Auction စနစ်တို့ဖြင့် ရောင်းချပေးသွားမည် ဖြစ်သည်။

အဆိုပါ ကျောက်မျက်နှင့်ကျောက်စိမ်း ရောင်းချပွဲသို့ ပြည်တွင်း ရတနာကုန်သည် ၅၅၇ဦးနှင့် ပြည်ပမှ ရတနာကုန်သည် ၃၃၅ဦးတို့ လာရောက်၍ ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

လှူဒါန်း

ကွယ်လွန်သူ ဒေါ်သန်းနွဲ့ (၅၃)လမ်းအား ရည်စူး၍ အင်းစိန်မြို့နယ် ပိတောက်လမ်း ဘုရင့်နောင်ရိပ်သာနေ ဦးစံငြိမ်း(ဒုတိယအင်ဂျင်နီယာချုပ်–ငြိမ်း)–ဒေါ်ခင်သက်တင် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ရေခဲသေတ္တာတစ်လုံးနှင့် ထာဝရငွေပဒေသာပင် စုစုပေါင်းတန်ဖိုးကျပ် ၄၈၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးလှသိန်း လက်ခံယူစဉ်။

(က–ပ)

✧ **ဆန်စပါးမှ**

တစ်ဦးချင်း အရည်အသွေးများမြင့်မားအောင် ကြိုးစားအားထုတ်ရန် လိုအပ်သကဲ့သို့ ကျောင်းသား၊ ကျောင်းသူများကလည်း အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ကြစေရန် ပညာကို ကြိုးပမ်းသင်ယူကြစေလိုကြောင်း၊ နယ်မြေပတ်ဝန်းကျင်ရှိ တည်ဆောက်ရေးစီမံကိန်းများနှင့် စက်ရုံများ၌ ကွင်းဆင်းလေ့လာကြရန်နှင့် လေအားကိုအသုံးပြု၍ လျှပ်စစ်မီးရရှိစေရေး သုတေသနလုပ်ငန်းများကို ကြိုးစားဆောင်ရွက် ကြစေလိုကြောင်း၊ ကျောင်းပတ်ဝန်းကျင်၌ စိမ်းလန်းစိုပြည်၍ အရိပ်လည်းရ၊ ဝင်ငွေလည်းရရှိသော နှစ်ရှည်သီးနှံ တည်ပင်များကို စိုက်ပျိုးကြရန် တိုက်တွန်းလိုကြောင်းဖြင့် မှာကြားသည်။

အဆိုပါ နည်းပညာကောလိပ် ပင်မအဆောက်အအုံသည် အလျား ၅၁၃ပေ၊ အနံ ၃၅၈ပေရှိ သံကူကွန်ကရစ်သုံးထပ်ဖြစ်ပြီး ပေ ၁၂၀ x ပေ ၈၀ရှိ ခန်းမဆောင်တစ်ခု။ ပေ ၄၀ x ပေ ၃၀ရှိ စာသင်ခန်း ၄၀နှင့် ကွန်ပျူတာခန်းနှစ်ခန်း ပါဝင်ကာ Ever Green Co., Ltd.က ၂၀၀၄ ခုနှစ် မတ်လမှစတင်၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၀၅-၂၀၀၆ ခုနှစ် ဧက ၁၀၀၀ရော်ဘာစိုက်ခင်းရှိ ရော်ဘာဧက ၁၀၀စိုက်ခင်းသို့ ရောက်ရှိကြရာ စိုက်ခင်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးအောင်မြိုင်က ၂၀၀၆ ခုနှစ်အတွင်း ဧက ၁၀၀ ၌ ရော်ဘာပင် ၂၁၇၀၀ စိုက်ပျိုးပြီးစီးမှု၊ စိုက်ပျိုးသည့် ရော်ဘာအမျိုးအစားနှင့် အပင်အစားထိုး ဖာထေးစိုက်ပျိုးခြင်းလုပ်ငန်း ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

အောင်မြင်အောင်စိုက်ပျိုး

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ရော်ဘာစိုက်ပျိုးရေးကို ပြည်နယ်၏ စံပြအဖြစ် အောင်မြင်အောင် စိုက်ပျိုးရေး ရှင်းလင်းမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် သီရိဘက်စုံ စိုက်ပျိုးရေး ကုမ္ပဏီလီမိတက်၏ ကျွန်းစိုက်ခင်းကို ရောက်ရှိကြရာ ပြည်နယ်မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း မန်နေဂျာ ဦးဝင်းမြင့်က သီရိဘက်စုံ စိုက်ပျိုးရေးခြံအတွင်း ကျွန်း၊ ပျဉ်းကတိုး၊ ခြံစည်းရိုးကြက်ဆူ၊ ရာသီသီးနှံနှင့် ဒေသသီးနှံများ စိုက်ပျိုးပြီးစီးမှု အခြေအနေနှင့် ဆက်လက်တိုးချဲ့စိုက်ပျိုးမည့် အစီအစဉ်၊ ဒေသဝမ်းစာဖူလုံရေးအထောက်အကူပြု ကုန်းမြင့်စပါး ၁၀ဧက စိုက်ပျိုးပြီးစီးမှု၊ တစ်ဖက်ပိတ်ဆည်များအတွင်း ရွှေဝါငါးကြင်းငါးကောင်ရေ တစ်သိန်းခွဲ စိုက်ထည့်မွေးမြူထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က သဘာဝသစ်တောများ ပြုန်းတီးမှုကာကွယ်ရန်နှင့် ဝင်ငွေရရှိရန် ကျွန်းပင်များကို ယခုထက်ပိုမိုတိုးချဲ့စိုက်ပျိုးရန်၊ ဇီဝဒီဇယ်ထုတ်လုပ်နိုင်ရေးအတွက် ခြံစည်းရိုးကြက်ဆူပင်များကို တိုးချဲ့စိုက်ပျိုးရန်တို့ကို မှာကြားပြီး ခင်းကျင်းပြသထားသည့် ကော်စတာရီကာ ကျွန်းစပ်မျိုးပင်ပေါက်နှင့် ကျွန်းပင်ပေါက်များကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်တို့က ကျွန်းပင်များကို အမှတ်တရစိုက်ပျိုးပေးကြပြီး စိုက်ပျိုးရေးခြံရှုရပ်မှနေ၍ နှစ်ရှည်ပင်များ စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါသီရိဘက်စုံ စိုက်ပျိုးရေးခြံတွင် ၃၂၄ဧက၌ ကျွန်းပင် ၁၇၂၉၁၄ပင်၊ ငါးဧက၌ ပျဉ်းကတိုး ၂၇၅၃ပင်၊ ဧက ၁၀၀၌ ခြံစည်းရိုးကြက်ဆူပင် ၁၂၀၀၀၀နှင့် ဧက၁၀၀၌ တည်ပင်များ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး မြေလွတ်မြေရိုင်းများကို ခုတ်ထွင်ရှင်းလင်းကာ ကျွန်းပင်များကို တိုးချဲ့စိုက်ပျိုးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းသိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်သို့ ရောက်ရှိကြပြီး တိုင်းစစ်ဌာနချုပ်၏ ရော်ဘာစိုက်ပျိုးရေးခြံအတွင်း ကိုင်းကူးဖူးဆက်ရော်ဘာစိုက်ပျိုးပင်များကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် တိုင်းစံပြ ရော်ဘာပျိုးခြံသို့ရောက်ရှိရာ ပျိုးခြံတာဝန်ခံ ဗိုလ်မှူးဝင်းသူက ပျိုးဥယျာဉ်အတွင်း ရော်ဘာပင်များကို အိတ်စိုက်ပျိုးပင်၊ မြေပေါက် စိုက်ပျိုးပင်နှင့် ကိုင်းကူးဖူးဆက်ပျိုးပင်များအဖြစ် ပျိုးထောင်ထားရှိမှု၊ မြေဧက ၁၀၀ ၌ ခြံစည်းရိုးကြက်ဆူပင်၁၂၀၀၀၀ စိုက်ပျိုးပြီးစီးမှုနှင့် အပင်ဖာထေးမှုလုပ်ငန်း ဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပျိုးဥယျာဉ်အတွင်း မိသားစုများ၏ ရော်ဘာမျိုးကောင်းများကို အဖူးအဖြစ်သုံး၍ လက်ခံပင်ပေါ်တွင် အဖူးမြုပ်မျိုးပွားသည့် လုပ်ငန်းဆောင်ရွက် နေမှုကိုလည်းကောင်း၊ အဖူးမြုပ်ရန် လက်ခံပင်အဖြစ် အသုံးပြုမည့် ရော်ဘာပျိုးပင်ဖောက် လုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်းကိုလည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

အဆိုပါ တိုင်းစံပြရော်ဘာပျိုးခြံ၌ RRIM-600 နှင့် PR-107 အမျိုးအစား ရော်ဘာစေ့ပေါင်း ၁၅၀၅၄၅စေ့၊ F.1-77-2/77-4အမျိုးအစား ရော်ဘာကိုင်းကူး ဖူးဆက် ၂၈၄၄ပင်နှင့် နောင်နန်းကိုင်းကူးဖူးဆက် ၄၉၅၈ ပင်တို့ကို ပျိုးထောင်စိုက်ပျိုးထားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်လိုက်ပါ၍ မြစ်ကြီးနားမြို့ စည်ပင်သာယာရေးဈေး(၁)အနီးရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ ဝင်းသူဇာအရောင်းဆိုင်သို့ သွားရောက်၍ အဆင့်မြင့်အဝတ်အထည်များ၊ ဆေးဝါးများ၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းများ၊ အလှဆင်ကြွေပြားများနှင့် အပ်ချုပ်စက်များ ခင်းကျင်းရောင်းချနေမှုကို ကြည့်ရှုစစ်ဆေးကြပြီး မြစ်ကြီးနားမြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ကျိန်ခရန်ကျေးရွာရှိ ဂျိတ်လင်း(န်) မြန်မာကုမ္ပဏီလီမိတက် (Jade Myanmar Co., Ltd.)၏ ဥယျာဉ်ခြံမြေ နှစ်ရှည်ပင်များ စိုက်ပျိုးရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဂျိတ်လင်း(န်)မြန်မာကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးယွပ်ဇော်ခေါင်က မြစ်ဆုံနှင့် ကျိန်ခရန်ခြံသုံးခြံတို့၌ ရော်ဘာ၊ ပျဉ်းကတိုး၊ ကျွန်း၊ ကရဝေးပင်များ၊ တရုတ်စကားပင်၊ သစ်မွှေး၊ ပိတောက်၊ ကံ့ကော်၊ညောင်ပင်၊ လိမ္မော်နှင့် ကြက်မောက်ပင်များ စိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက်တိုးချဲ့စိုက်ပျိုးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကျွန်းပင်စိုက်ခင်း၊ ကရဝေးပင်စိုက်ခင်းနှင့် ပျဉ်းကတိုးစိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌက လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနား-ဆွမ်ပရာဘွမ် လမ်းမကြီးဘေး မြစ်ကြီးနားမြို့နယ် နောင်နန်းကျေးရွာအုပ်စု ဂေါ်နန်ကျေးရွာအနီးရှိ ဦးကရိုင်လဆန်၏ ရော်ဘာခြံသို့ ရောက်ရှိကြရာ ခြံပိုင်ရှင် ဦးကရိုင်လဆန်က ခြံမြေ ၈၃ဧက၌ RRIM-600 နှင့် 623 GT.1 နှင့် BP-24 အမျိုးအစား ရော်ဘာပင် ၁၆၀၀၀ စိုက်ပျိုးထားရှိမှုနှင့် ရော်ဘာစေးထုတ်ယူရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်မန်နေဂျာ ဦးဝင်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားပြီး ရော်ဘာခြံအတွင်း အစေးထုတ်ယူနေမှုနှင့် ရော်ဘာစေ့ပျိုးခင်းများကို ကြည့်ရှုအားပေး၍ ခြံအတွင်း အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ရော်ဘာပင်များနှင့် ဥယျာဉ်သီးနှံအဖြစ် စိုက်ပျိုးထားသည့် မာလကာ၊ လိမ္မော်၊ ကြက်မောက်၊ ဂရိတ်ဖရုနှင့် သရက်ပင်များကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့မှ ခုနစ်မိုင်အကွာ ပူတာအိုသွား ကားလမ်းအနီး နောင်နန်းကျေးရွာရှိ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း၏ သုတေသနနှင့်မျိုးပွားခြံ (နောင်နန်း)သို့ ရောက်ရှိကြရာ ခြံမန်နေဂျာ ဦးနိုင်ဝင်းက မျိုးပွားခြံအတွင်း ရော်ဘာပင်စိုက်ပျိုးထားရှိမှု၊ ထပ်မံတိုးချဲ့စိုက်ပျိုးမည့် အခြေအနေ၊ ပျိုးပင်နှင့် မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးပေးနေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က နောင်နန်းသုတေသနနှင့် မျိုးပွားခြံမှ ရော်ဘာမျိုးကောင်းမျိုးသန့်များ ပိုမိုတိုးချဲ့ထုတ်လုပ်ပေးရေးကို တာဝန်ရှိသူများအားမှာကြားကာ သုတေသနနှင့် မျိုးပွားခြံ (နောင်နန်း)ရှိ ၁၉၆၁ ခုနှစ်တွင် စတင်စိုက်ပျိုးခဲ့သည် ရော်ဘာပင်များကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ သုတေသနနှင့် မျိုးပွားခြံ (နောင်နန်း)၏ ဧရိယာ အကျယ်အဝန်းမှာ အစေးလှီးခြံ ဧက ၁၅၀၊ ထိန်းသိမ်းဧရိယာ ၁၃၇ဧက၊ ထပ်မံတိုးချဲ့စိုက်ပျိုးမည့် ဧရိယာဧက ၁၅၀၊ အုပ်ချုပ်မှုဧရိယာ ၄၉ဧကနှင့် ပျိုးပင်၊ ကိုင်းပွားခင်းဧရိယာ ၁၂ဧက အပါအဝင် စုစုပေါင်း ၄၉၈ဧကဖြစ်သည်။ မျိုးသန့်စေ့ထုတ်လုပ်ဖြန့်ဖြူးမှု အခြေအနေမှာ ၂၀၀၃ ခုနှစ်တွင် မျိုးစေ့ငါးသိန်း၊ ၂၀၀၄ ခုနှစ်တွင် မျိုးစေ့ ဆယ်သိန်း၊ ၂၀၀၅ ခုနှစ်တွင် မျိုးစေ့ ၄၉၀၀၀၀ နှင့် ၂၀၀၆ ခုနှစ်တွင် မျိုးစေ့ဆယ်သိန်းခန့်ဖြစ်ကြောင်းသိရှိရသည်။

ညပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များနှင့်အတူ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် မလိခရိပ်သာ၌ ပြည်နယ်စိုက်ပျိုးရေး ညှိနှိုင်းမှု ကော်မတီအဖွဲ့ဝင်များအား တွေ့ဆုံ၍ ရှေးဦးစွာ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီဝင်များက ၂၀၀၆ ခုနှစ်အတွင်း နွေစပါးနှင့် မိုးစပါး စိုက်ပျိုးပြီးစီးမှု၊ ကျွန်း၊ ရော်ဘာနှင့် ရေဝေရေလဲဒေသ စိုက်ခင်းများနှင့် လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်မှု အခြေအနေများကို အသီးသီးရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာ၌ ဆန်စပါးကို စိုက်ပျိုးရာတွင် ဒေသဝမ်းစာဖူလုံရေးအတွက် သာမက နောက်တိုးလာမည့် လူဦးရေအတွက်ပါ ရည်မှန်းချက်ထားပြီး ပိုမိုစိုက်ပျိုးကြစေလိုကြောင်း၊ စိုက်ပျိုးမြေများ တိုးချဲ့ဖော်ထုတ်ရန်လိုအပ်သကဲ့သို့ စိုက်ပျိုးရေရရှိရေးအတွက် ရေအရင်းအမြစ်များကိုလည်း ရှာဖွေဖော်ထုတ်၍ ဆည်မြောင်း၊ တမံများ ရရှိနိုင်သည့်နေရာတွင် တည်ဆောက်ကြရန်လိုကြောင်း၊ ကချင်ပြည်နယ်အနေဖြင့် ၁၉၆၁ ခုနှစ်မှစတင်၍ ရော်ဘာများစတင်စိုက်ပျိုးခဲ့သော အစဉ်အလာရှိခဲ့ပြီး ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း၊ ရော်ဘာစိုက်ပျိုးမှုကို ယခုထက်ပို၍ ကြိုးပမ်းစိုက်ပျိုးကြစေလိုကြောင်း၊ ဒေသနှင့်ကိုက်ညီသည့်ကျွန်းသစ်၊ ပျဉ်းကတိုးများကိုလည်း တိုးချဲ့စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ ထို့အပြင် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ စိုက်ပျိုးရေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးရန် လိုအပ်သကဲ့သို့ ဒေသခံပြည်သူများ ပိုမိုတိုးချဲ့စိုက်ပျိုးရေးကို စည်းရုံးဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဌာနဆိုင်ရာနှင့် ဒေသခံပြည်သူများ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်းဖြင့် မှာကြားကာ တွေ့ဆုံပွဲကိုရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရွှေတိဂုံစေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူရန် အမှတ်(၃)အခြေခံပညာဦးစီးဌာနက အလှူငွေများလှူဒါန်း

ရန်ကုန် ဩဂုတ် ၂၈

ရွှေတိဂုံစေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူရန်အတွက် အမှတ်(၃) အခြေခံပညာဦးစီးဌာနက အလှူငွေများပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၂၆ရက် နံနက် ၉ နာရီတွင် စေတီတော်ရင်ပြင်ရှိ ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်များ တန်ဆောင်း၌ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ဩဝါဒစရိယ ဗဟန်းမြို့နယ် အောင်မြေဘုံစံကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသအမှူးပြုသော ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ဩဝါဒစရိယ ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူနှင့် တာဝန်ရှိသူများ၊ကျောင်းအုပ်ဆရာကြီးများ၊ ဆရာဆရာမများ၊ စေတီတော်ဂေါပကအဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ဩဝါဒစရိယ ဗဟန်းမြို့နယ် အောင်မြေဘုံစံကျောင်းဆရာတော်ထံမှ ဉေ့ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ လှူဒါန်းသော အလှူတော်ငွေကျပ် ၁၄၆ သိန်းကို ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူက ပေးအပ်လှူဒါန်းရာ စေတီတော်ဂေါပက အဖွဲ့ဝင်များက လက်ခံသည်။

ရေစက်သွန်းချ

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဩဝါဒစရိယ ဗဟန်းမြို့နယ် အောင်မြေဘုံစံကျောင်းဆရာတော်ထံမှဉေ့ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူ ရွှေတိဂုံစေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူရန်အတွက် အလှူတော်ငွေကျပ် ၁၄၆သိန်းကို ဂေါပက အဖွဲ့ဝင် တစ်ဦးထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

စာပေဗိမာန် စာအုပ်အသင်း

စာအုပ်ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၈

စာပေဗိမာန် စာအုပ်အသင်းက ၂၀၀၃ခုနှစ် စာပေဗိမာန်စာမူဆု ဝတ္ထုရှည် ပထမဆုရ မြေလတ်မင်းလွင်၏“အောင်စေပိုင်စေနှင့် အခြားဝတ္ထုတိုများ”စာအုပ်ကို ရန်ကုန်နှင့် နယ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်ရှိ စာအုပ်အသင်းဝင်များသည် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်း၌ လာရောက်ထုတ်ယူနိုင်ပြီး နယ်အသင်းဝင်များသို့ ပေးပို့လျက်ရှိသည်။

စာပေဗိမာန် စာအုပ်အသင်းသို့ ပုဂ္ဂိုလ် တစ်ဦးချင်းအနေဖြင့် လည်းကောင်း၊ အသင်းအဖွဲ့များ၊ စာကြည့်တိုက်များအနေဖြင့် လည်းကောင်း အသင်းဝင်လိုပါက ကြိုတင်ငွေကျပ် ၁၅၀၀ ပေးသွင်းပြီး ယင်းကြိုတင်ငွေမှ အသင်းသားများသို့ ဖြန့်ချိသည့် စာအုပ်တန်ဖိုး(လျှော့နှုန်း) အလိုက် ခုနှိမ်မည်ဖြစ်သည်။ အသင်းပေး စာအုပ်များကို နယ်အသင်းဝင်များထံသို့ စာတိုက်၊ ရေကြောင်း၊ လေကြောင်း၊ မီးရထားတို့ဖြင့် ပေးပို့သည်။

စာပေဗိမာန်အသင်း ဝင်လိုလျှင် အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း ရန်ကုန်မြို့ ကုန်သည်လမ်း အမှတ်(၅၂၉/၅၃၁)သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နှစ်ပေါင်း ၃၀ကျော် ဝေးကွာနေသည့် မာဒေးကား ဆုဖလား ရယူနိုင်ရေးအတွက် အင်ဒိုနီးရှား ဘောလုံးအသင်းနှင့် ဗိုလ်လုပွဲ ယနေ့ ယှဉ်ပြိုင်ကစားမည့် မြန်မာလက်ရွေးစင်ဘောလုံးအသင်းအား ရန်ကုန်မြို့မှ မထွက်ခွာမီ တွေ့ရစဉ်။ ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

✽ မြန်မာအသင်းမှ

ခြေစွမ်းပြပြီး အုပ်စုပထမရကာ ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။ မြန်မာအသင်းသည် ပွဲဦးထွက်၌ ထိုင်းအသင်းကို နှစ်ဂိုးစီသရေ၊ အင်ဒိုနီးရှားနှင့် ဂိုးမရှိသရေကျပြီး နောက်ဆုံးပွဲစဉ်၌ အိမ်ရှင်မလေးရှားကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့၍ ရမှတ်ငါးမှတ်ဖြင့် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာနှင့် အင်ဒိုနီးရှားအသင်းတို့သည် အုပ်စုတွင်းတွေ့ဆုံစဉ်က ဂိုးမရှိသရေကျထားသဖြင့် ဗိုလ်စွဲရန်လည်း နှစ်သင်းစလုံး အခွင့်အလမ်း ရှိနေသည်။

မာဒေးကားဖလား ဘောလုံးပြိုင်ပွဲသမိုင်းတွင် မြန်မာအသင်းသည် ချန်ပီယံဆု သုံးကြိမ် [၁၉၆၄၊ ၁၉၆၇၊ ၁၉၇၁ (တောင်ကိုရီးယားနှင့် ပူးတွဲ) ချန်ပီယံ]၊ ငွေတံဆိပ်သုံးကြိမ် (၁၉၆၆၊ ၁၉၆၈၊ ၁၉၇၀)၊ ကြေးတံဆိပ် လေးကြိမ် (၁၉၆၅၊ ၁၉၆၉၊ ၁၉၇၃၊ ၁၉၇၅) တို့ ဆွတ်ခူးရရှိထားသည်။ ယခုတစ်ကျော့ပြန် ဝင်ရောက်ယှဉ်ပြိုင်သည့်ပွဲတွင် မြန်မာအသင်းအနေဖြင့် ပြန်လည်အောင်ပွဲခံခွင့်ရရန် အနီးစပ်ဆုံး အနေအထားသို့ ရောက်ရှိနေသည်။ မြန်မာနှင့် အင်ဒိုနီးရှားအသင်းတို့သည် မာဒေးကားဖလား ဘောလုံးပြိုင်ပွဲ သမိုင်းတစ်လျှောက် ဗိုလ်လုပွဲတွင် ၁၉၇၁ ခုနှစ်၌သာ တွေ့ဆုံဖူးပြီး မြန်မာအသင်းက အနိုင်ရ ဗိုလ်စွဲခဲ့သည်။

မာဒေးကားဖလားဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားမည့် မြန်မာအသင်း၏ ပြင်ဆင်နေမှု၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေး ကြိုးစားနေမှုတို့ကို မြန်မာဘောလုံးပရိသတ်အား တင်ပြနိုင်ရန်အတွက် ကြေးမုံသတင်းအဖွဲ့က မလေးရှားနိုင်ငံ၊ ရှားအလမ်မြို့ BLUE WAVE ဟိုတယ်တွင် တည်းခိုနေသည့် မြန်မာအသင်းအား တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းခဲ့ကာ ဗိုလ်လုပွဲကြိုအဖြစ် တင်ပြလိုက်ပါသည်။

ကြေးမုံက ဆက်သွယ်မေးမြန်းရာတွင် ရှေးဦးစွာ အဖွဲ့ခေါင်းဆောင် ဦးသိန်းအောင် (ဒုတိယညွှန်ကြားရေးမှူးချုပ် အား/ကာ)နှင့် တွေ့ဆုံခွင့်ရခဲ့သည်။ ဦးသိန်းအောင်က **"မြန်မာအသင်း နည်းပြများနှင့် ကစားသမားများ၏ ကြိုးစားအားထုတ်မှု၊ နိုင်လိုစိတ်ပြင်းပြမှုတို့ကို ရှေးဦးစွာဂုဏ်ပြုပါသည်ဟု ပြောကြားလိုကြောင်း၊ အသင်းမှာ တစ်ပွဲထက်တစ်ပွဲ တိုးတက်လာပြီး ပိုမိုခြေစွမ်းပြလာနိုင်ပါကြောင်း၊ ဖိလစ်ပိုင် အရှေ့တောင်အာရှ အားကစားပွဲပြီးကတည်းက နိုင်ငံတကာပွဲပြတ်နေသော မြန်မာအသင်းမှာ ပွဲဦးထွက် ထိုင်းနှင့်ပွဲမှာ ထင်သလောက် ခြေစွမ်းမပြနိုင်ခဲ့ကြောင်း၊ အင်ဒိုနီးရှားနှင့်ပွဲမှာ အရှိန်ရလာ၍ ကစားပုံ ပိုကောင်းလာကြောင်း၊ မိုးထဲရေထဲ ကစားရ၍ အကောင်းဆုံးခြေစွမ်း ထုတ်မပြနိုင်ခဲ့ကြောင်း၊ မလေးရှားနှင့်ပွဲမှာ ပယ်နယ်တီပေးခဲ့ခြင်း အပါအဝင် အိမ်ရှင်အသင်းအပေါ် ဒိုင်လူကြီးက ဘက်လိုက်မှုများ ရှိခဲ့သော်လည်း ကစားသမားများမှာ စည်းစည်းလုံးလုံးဖြင့် ကြိုးကြိုးစားစား ကစားခဲ့၍ အရှုံးမှ အနိုင်ရခဲ့ခြင်းဖြစ်ကြောင်း၊ ကလေးများမှာလည်း ချန်ပီယံဆုနှင့် လက်တစ်ကမ်းအလိုသို့ ရောက်နေ၍ အလွန်စိတ်ဓာတ်တက်ကြွနေ၍ အနိုင်ရမည်ဟု ယုံကြည်ပါကြောင်း"**ဖြင့် ပြောကြား သွားသည်။

အုပ်ချုပ်သူ၊ နည်းပြ၊ ကစားသမားများ၏ စိတ်ဓာတ်၊ စည်းလုံးမှု တစ်သားတည်းကျနေ၍ မာဒေးကား ဖလားမှာ မြန်မာအသင်းအတွက်ဖြစ်လာမှာ သေချာကြောင်း မြန်မာ့လက်ရွေးစင်ဟောင်း ဦးသန်းတိုးအောင် ပြောကြားစဉ်။

ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ဆက်လက်၍ နည်းပြချုပ် ဦးဆန်းဝင်းအား မေးမြန်းရာ **"မိမိတို့ မြန်မာအသင်းအနေဖြင့် အာဆီယံထိပ်သီးအသင်းများဖြစ်သည့် ထိုင်း၊ မလေးရှားနှင့် အင်ဒိုနီးရှားတို့ကို သရေ၊ အနိုင်ကစားထားနိုင်၍ ကစားသမားများ၏ စွမ်းဆောင်မှုအပေါ် ကျေနပ်ပါကြောင်း၊ ယနေ့ဗိုလ်လုပွဲကစားမည့် အသင်းအနေအထားမှာ အကောင်းဆုံး အနေအထားတွင် ရှိပါကြောင်း၊ စိတ်ဓာတ်ပိုင်းဆိုင်ရာနှင့် ကြိုးစားအားထုတ်မှုအပိုင်းတို့မှာ အမြင့်ဆုံးတွင် ရှိနေကြောင်း၊ အင်ဒိုနီးရှားအသင်းမှာ ၄-၄-၂ ကစားကွက်ကို အခြေခံကစားပြီး ခွန်အားသုံး၍ ကစားတတ်ကြောင်း၊ မိမိတို့နှင့် ကစားခဲ့သောပွဲအနေအထားအရ အင်ဒိုနီးရှားအသင်းမှာ နောက်တန်းနှင့် အလယ်တန်းကြား၌ ဟာကွက်များရှိနေသည်ကိုတွေ့ရကြောင်း၊ ထိုအားနည်းချက်ကို မိမိတို့က အပြည့်အဝအသုံးချနိုင်ရန် လေ့ကျင့်နေပါကြောင်း၊ ယနေ့ယှဉ်ပြိုင်မည့် ဗိုလ်လုပွဲအတွက် အုပ်ချုပ်သူ၊ လက်ထောက်နည်းပြ အပါအဝင် ကစားသမားများပါ အားလုံးဝိုင်းဝန်း ဆွေးနွေး လုပ်ဆောင်နေပါကြောင်း၊ မိမိတို့ ပြိုင်ပွဲမတိုင်ခင် လေ့ကျင့်စဉ်ကာလ နှစ်လအတွင်း ဥက္ကဋ္ဌ ဦးဇော်ဇော်အနေဖြင့် လေ့ကျင့်မှုစတင်ကတည်းက နေထိုင်မှု၊ အစားအသောက်ပိုင်းဆိုင်ရာ၊ လေ့ကျင့်ရေးအထောက်အပံ့ ပစ္စည်းများအပြင် လိုလေသေးမရှိအောင် ပံ့ပိုးပေးပြီး စိတ်ဓာတ်မြှင့်တင်ပေးခဲ့သောကြောင့် ကလေးတွေ စိတ်ဓာတ်တက်ပြီး ယခုလိုစွမ်းဆောင် နိုင်ခြင်းဖြစ်ကြောင်း"** ပြောကြားသွားသည်။

မာဒေးကားပြိုင်ပွဲ ကျင်းပသည့် မလေးရှား မြေ မှာ မြန်မာအသင်း၏ အောင်မြေဖြစ် ကြောင်း နိုင်ငံ့ဂုဏ်ဆောင် လက် ရွေး စင်ဟောင်း ဦးအေးမောင်ကြီး ပြောကြားစဉ်။

ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က **"မြန်မာ့လက်ရွေးစင် အသင်းအနေဖြင့် ဗိုလ်လုပွဲအဆင့်သို့ တက်လှမ်းနိုင်ခဲ့၍ ဥက္ကဋ္ဌတစ်ဦးအနေဖြင့် အတိုင်းမသိဝမ်းသာရပါကြောင်း၊ အသင်းမှ ကစားသမားများ၏ ရင်ထဲမှာ စည်းလုံးညီညွတ်မှု အပြည့်ရှိပြီး နိုင်ငံအတွက် အောင်မြင်မှုရအောင် ကစားပေးချင်တာကို လေ့ကျင့်စဉ်ကတည်းက မိမိတို့သိရှိခဲ့ရကြောင်း၊ လက်ရှိအသင်းအနေအထား၊ စိတ်ဓာတ်ပိုင်း၊ ကြိုးစားမှုတို့မှာ အကောင်းဆုံးတွင် ရှိနေပါကြောင်း၊ ပထမဦးဆုံး နိုင်ငံတကာပွဲအဖြစ် တာဝန်ယူဆောင်ရွက်ရသည့်ပွဲတွင် စိတ်ရောကိုယ်ပါနှစ်ပြီး စွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက်နေသည့် နည်းပြ ဦးဆန်းဝင်းနှင့် ဦးကြည်လွင်၊ ဦးဆောင်မှု ကောင်းကောင်းပေးနိုင်သည့် အုပ်ချုပ်သူ ဦးသိန်းအောင်နှင့် အကြံပေးပုဂ္ဂိုလ်အဖြစ် လိုက်ပါသွားသည့် နိုင်ငံ့ဂုဏ်ဆောင် နည်းပြဟောင်း နှစ်ဦးဖြစ်သည့် ဦးတင်ဟန်နှင့် ဦးအေးမောင်လေးတို့ကို ဘောလုံးအဖွဲ့ချုပ်မှ ကျေးဇူးတင်ရှိပါကြောင်း၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရ အေးမြင့်၏ ဦးဆောင်မှုများကြောင့်လည်း မိမိတို့အသင်း ဗိုလ်လုပွဲရောက်လာခြင်းဖြစ်ပါကြောင်း၊ နှစ်ပေါင်း ၃၀ ကျော် ဝေးကွာနေသည့် မာဒေးကားဖလားကို ရယူနိုင်ခဲ့လျှင် အသင်းအား မိမိအနေဖြင့်ထိုက်ထိုက်တန်တန် ဂုဏ်ပြုမည်ဖြစ်ပါကြောင်း၊ မြန်မာ့ဘောလုံး တိုးတက်ရေးအတွက် မိမိအနေဖြင့် မျိုးချစ်စိတ်ဓာတ်အပြည့်ဖြင့် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ဆက်လက်ဆောင်ရွက် သွားမှာဖြစ်ကြောင်း"** ပြောကြားသွားသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးတင်အောင်က **"အုပ်စုပွဲတွင် တွေ့ဆုံစဉ်က မိုးရွာနေ၍ ခြေကိုမှန်းမရခဲ့ကြောင်း၊ ထိုပွဲမှာ အင်ဒိုနီးရှားကစားပုံ ကောင်းသော်လည်း ထိုင်းနှင့်ပွဲ၌ ကစားပုံမှာ မကောင်းခဲ့ကြောင်း၊ မိမိမြန်မာအသင်းက အသင်းလိုက်ကစားပုံကောင်းသလို အင်ဒိုနီးရှားကလည်း ဘောလုံးပညာကောင်းသော ကစားသမားအချို့ ပါဝင်လာကြောင်း၊ ဗိုလ်စွဲရန် ရာခိုင်နှုန်း ၅၀စီရှိကြောင်း၊ မိမိတို့ အနိုင်ရမည်ဟု ယုံကြည်ကြောင်း"** ပြောကြားသွားသည်။

ကစားသမားများမှာ စည်းစည်း လုံး လုံး၊ ညီ ညီ ညွတ်ညွတ်ဖြင့် ဗိုလ်လုပွဲမှာ အနိုင်ကစားပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်အောင် ကြိုးစားကြ မည် ဟု ယုံ ကြည် ကြောင်း တယ်လီဖုန်းမှ တစ်ဆင့် ဖြေကြားခဲ့သူ နည်းပြချုပ် ဦးဆန်းဝင်း။

ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

မာဒေးကားဖလား ပြိုင်ပွဲတွင် မြန်မာအသင်းနှင့် အောင်ပွဲများစွာ ရယူနိုင်ခဲ့သည့် မြန်မာ့လက်ရွေးစင်ဟောင်း ဦးအေးမောင်ကြီးက **"မာဒေးကားပြိုင်ပွဲ ကျင်းပသည့် မလေးရှားမြေမှာ မြန်မာအသင်း၏ အောင်မြေဖြစ်ကြောင်း၊ မိမိတို့ ကစားစဉ်က မြန်မာအသင်းပါမှ ပရိသတ်များပြီး ပွဲစည်ကား၍ မလေးရှားမှတာဝန်ရှိသူများက ပြိုင်ပွဲဝင်ရန် မြန်မာနိုင်ငံသို့ လာရောက်ဖိတ်ခေါ်ရသည့်အထိဖြစ်ခဲ့ကြောင်း၊ မိမိတို့အသင်း တစ်ကျော့ပြန်အောင်ပွဲခံနိုင်မည်ဟု ယုံကြည်ကြောင်း"** ပြောကြားသွားသည်။

မြန်မာ့ လက်ရွေးစင်ဟောင်း ဦးသန်းတိုးအောင်က **"ယခုပြိုင်ပွဲဝင်နေသည့် မြန်မာဘောလုံးသမားများမှာ မာဒေးကားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိလို၍ လေ့ကျင့်စဉ်ကတည်းက သိသိသာသာပြောင်းလဲပြီး ကြိုးစားလေ့ကျင့်ခဲ့ကြောင်း၊ လူငယ်နည်းပြနှစ်ဦး ပထမဦးဆုံး တာဝန်ယူရသည့်ပွဲမှာ ဒီကလေးတွေကို ဒီအဆင့်ရောက်အောင်လုပ်နိုင်၍ ချီးကျူးရမှာဖြစ်ကြောင်း၊ အနာဂတ်တွင်အားထားရမည့် နည်းပြနှစ်ဦး ဖြစ်ကြောင်း၊ ကစားသမားများမှာ စိတ်ဓာတ်၊ စည်းကမ်းကအစ အမြင့်ဆုံးထားပြီး လေ့ကျင့်ပြင်ဆင်ခဲ့သည်ကို မိမိတို့အနေဖြင့် ၎င်းတို့ လေ့ကျင့်မှုကို ကြည့်ရှုကတည်းက သိရှိခဲ့ရကြောင်း၊ အုပ်ချုပ်သူ၊ နည်းပြ၊ ကစားသမားများမှာ စိတ်ဓာတ် စည်းလုံးမှုမှာ တစ်သားတည်းကျနေ၍ မာဒေးကားဖလားမှာ မြန်မာအသင်း အတွက် ဖြစ်လာမှာသေချာကြောင်း"** ပြောကြားသွားသည်။

မြန်မာလက်ရွေးစင် ဘောလုံးအသင်းအနေဖြင့် မာဒေးကားဖလားကြီး လက်ဝယ်ပိုင်ပိုင် ရယူနိုင်ရေးအတွက် စိတ်ဓာတ်အင်အား၊ စည်းလုံးမှုစွမ်းအား၊ ကြံ့ခိုင်မှုခွန်အားတို့ဖြင့် ရေကုန်ရေခန်း ယှဉ်ပြိုင်ကစားမည့် ယနေ့ဗိုလ်လုပွဲကို စောင့်စားကြည့်ရှုအားပေးကြရမည် ဖြစ်ပါသည်။

(ကြေးမုံ)

မ လေး ရှား နှင့် ပွဲ တွင် ချေပဂိုး သွင်းယူခဲ့သူ တိုက်စစ်မှူး ကျော်သူရ။

ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

✽ ဖိလစ်ပိုင်မှ

ထိုသဘော်ပေါ်တွင် ရေနံ လောင်စာလီတာနှစ်သန်း တင်ဆောင်သွားပြီး ယင်းအနက် လောင်စာဆယ်ပုံတစ်ပုံ ယိုဖိတ်ခဲ့ကြောင်း သိရသည်။ ထိုလောင်စာဆီများသည် ကမ်းခြေမိုင် ၁၂၀ တစ်လျှောက် ရေထုကို ညစ်ညမ်းစေနိုင်ပြီး ယင်းဒေသနေ ပြည်သူ ၄၀၀၀၀ တို့ကိုလည်း ထိခိုက်စေနိုင်သည်ဟု ဆိုသည်။

အထက်ပါအတိုင်း ကြက်မွေး၊ ငှက်မွေးနှင့် ဆံပင်များ တောင်းခံရေးကိစ္စမှာ ပြည်တွင်း၌ ရနိုင်သောပစ္စည်းများဖြင့် ရေထုညစ်ညမ်းရသည့် ပြဿနာကို ဖြေရှင်းရန် ကြိုးပမ်းခြင်းပင်ဖြစ်ကြောင်း အိုင်လိုလိုပြည်နယ်ကမ်းခြေစောင့်တပ်ဖွဲ့ အကြီးအကဲ ဟာရော့လ်ဂျာဒါက ပြောကြားသည်။

အရှေ့တောင်အာရှ၏ အကြီးမားဆုံးအစားအစာနှင့် အဖျော်ယမကာ လုပ်ငန်းကြီးဖြစ်သော စန်မီဂွါလ်ကော်ပိုက ကြက်မွေး၊ ငှက်မွေးတစ်တန် နေ့စဉ်ပေးလှူမည်ဖြစ်ကြောင်း ကတိပြုထားသည်ဟု ဂျာဒါက ဆိုသည်။

ဖိလစ်ပိုင်နိုင်ငံ၏ အကြီးဆုံး ဆံပင်အလှပြုပြင်ရေး လုပ်ငန်းဖြစ်သော လက်စ်ရီရီစ်ကလည်း နိုင်ငံအနှံ့ရှိ ဆိုင်ခွဲပေါင်း ၂၀၀ မှ ဆံပင်စများကို ပေးလှူရန် စုဆောင်းနေပြီဖြစ်ကြောင်း ပြောကြားသည်။

ယခု စုဆောင်းရရှိသော ကြက်မွေး၊ ငှက်မွေးများနှင့် ဆံပင်များကို အိတ်များအတွင်းထည့်၍ ဝါးများတွင်ကပ်ပြီး ချည်နှောင်ကာ ကမ်းခြေတစ်လျှောက်၌ ချထားမည်ဖြစ်သည်။ ထိုသို့ ချထားခြင်းဖြင့် ကမ်းခြေသို့ မျောလာမည့် ရေနံများကို အဆိုပါ အိတ်များက စုပ်ယူမည်ဟု ဆိုသည်။

ကမ်းခြေတစ်လျှောက်ရှိ အချို့သော ကျေးရွာများသည် ကောက်ရိုးအိတ်များကို အသုံးပြု၍ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ရေထုညစ်ညမ်းမှုကို ကာကွယ်လျက်ရှိကြောင်း သိရသည်။

ရွေ့လျားလျက်ရှိ

လတ်တလောအခြေအနေတွင် ရေနံလောင်စာများသည် ဂူမာရီရပ်စ်ကျွန်းဝန်းကျင်မှ အရှေ့မြောက် နီဂရိုးစ်ကျွန်း၊ ဆီဘူးကျွန်းနှင့် မတ်စ်ဘက်ကျွန်းများဆီသို့ ရွေ့လျားလျက်ရှိကြောင်း သတင်းများက ဖော်ပြသည်။

ကမ်းခြေတစ်လျှောက်ရှိ ငါးမွေးမြူရေးကန်များ၌လည်း ရေထု ညစ်ညမ်းမှု မရှိသေးသည့်တိုင်အောင် ကြိုတင်ကာကွယ်မှုပြုသည့်အနေဖြင့် ငါးများကို ဖော်ကာ ရောင်းချလျက်ရှိကြသည်။

အင်တာနက်။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၉-၈-၂၀၀၆ (အင်္ဂါနေ့)

၁၃၆၈ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက် (အဖိတ်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ ကြည်ညိုဦးခိုက်ဖူးလိုက်စို့ တူပျော် မကွေးမြသလွန်စေတီတော်
- ၇:၅၅ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၁၀ ၆။ ကဗျာပန်းဥယျာဉ်
- ၈:၂၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Let's Go.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ အမှတ်(၃)အခြေခံပညာဦးစီးဌာန တတိယအကြိမ်မြောက် မွမ်ာစကြာဝတ်ရွတ်ပူဇော်ပွဲ (တတိယဆု) (အထက ၂၊ လှိုင်သာယာ) (အမျိုးသားဝတ်ရွတ်အဖွဲ့)
- ၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (ရူပဗေဒ၊ဓာတုဗေဒ၊ သင်္ချာအထူးပြုများ) (ရူပဗေဒ)
- ၅:၀၀ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၅:၁၅ ၆။ **"အနိုင်အရှုံး" (ပိစိ၊ကောင်းမြတ်) (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)**
- ၅:၂၀ ၇။ ၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး) (အခြေခံပညာ ၁၀-၁၅နှစ်) (အမျိုးသမီး)
- ၅:၃၀ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၁။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆:၅၀ ၁၂။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "တောတွင်းသားငယ်လေး" (အပိုင်း-၄)**
- ၇:၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရှုလိုင်နံနက်ခင်း"(အပိုင်း-၂၂) (ဇာတ်သိမ်း)**
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့အိပ်မက်လှလှ" (အပိုင်း-၂၄) (ဇာတ်သိမ်းပိုင်း)**
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

ဗဟိုအတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်း ပညာရေး ငွေပဒေသာပင်များစိုက်ထူ ပညာရည်ချွန်ဆုပေးပွဲ တက်ရောက်ချီးမြှင့်

နေပြည်တော် ဩဂုတ် ၂၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း သည် ဩဂုတ် ၂၆ ရက် နံနက် ၇ နာရီတွင် မန္တလေးတိုင်း မိတ္ထီလာမြို့သို့ရောက်ရှိပြီး မိတ္ထီလာသူနာပြုသင်တန်း ကျောင်းခန်းမ၌ ပြုလုပ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက မိတ္ထီလာသူနာပြုသင်တန်းကျောင်းနှင့် မိတ္ထီလာပညာရေးကောလိပ်တို့သို့ ပညာရေး ငွေပဒေသာပင်စိုက်ထူပွဲ အခမ်းအနားသို့ တက်ရောက်ပြီး အမှာစကား ပြောကြားသည်။

ရှေးဦးစွာ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက မိတ္ထီလာပညာရေး ကောလိပ်အတွက် ပညာရေး ငွေ ပဒေသာပင် ငွေကျပ် ၂၅သိန်းကို ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်အေး လွင်သို့ လည်းကောင်း၊ မိတ္ထီလာ သူနာပြု သင်တန်းကျောင်းသို့ ပညာရေး ငွေ ဒေသာပင် ငွေကျပ် ၂၅သိန်းကို ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်မာ ကြည်သို့ လည်းကောင်းပေးအပ်လှူဒါန်း သည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီး များက ကျေးဇူးတင်စကားပြောကြား သည်။

ဗဟိုအတွင်းရေးမှူး ဝန်ကြီးဦးအောင် သောင်းနှင့်ဇနီး ဒေါ်ခင်ခင်ရီတို့သည် နံနက် ၉ နာရီတွင် တောင်သာမြို့ သာသနာ မူလိကာရာမကျောင်းသစ် ပရိယတ္တိစာသင်တိုက်သို့ ရောက်ရှိ သည်။

ရှေးဦးစွာ နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တနန္ဒော ဘာသဝံသထံမှ ငါးပါးသီလ ခံယူ ဆောက်တည်ပြီး ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်း၊ ဇနီးနှင့် လုပ်ငန်းရှင် ဦးသိန်းဇော် မိသားစုတို့က ဆရာတော် ထံ မော်တော်ယာဉ်တစ်စီး ဆက်ကပ် လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်း၊ ဇနီးနှင့် ဧည့်ပရိသတ် တို့သည် ဆရာတော် သံဃာတော်များ အား သက်န်းအစုံရှိသော လှူဖွယ်ပစ္စည်း များ ဆက်ကပ်လှူဒါန်းပြီး ဗဟိုအတွင်း ရေးမှူးက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဗဟိုအတွင်းရေးမှူး ဝန်ကြီးဦးအောင် သောင်းသည် နံနက် ၉ နာရီခွဲ တွင် မြင်းခြံခရိုင် တောင်သာမြို့ မြို့တော် ခန်းမ၌ ကျင်းပသော ဝန်ကြီး ဦးအောင် သောင်း ဇနီး ဒေါ်ခင်ခင်ရီ မိသားစုတို့၏ ဧကောဒသမအကြိမ်မြောက်ပညာရည်ချွန် ဆုပေးပွဲ အခမ်းအနားသို့ တက်ရောက် ချီးမြှင့်သည်။

အမှာစကားပြောကြား

ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်း က ပညာရည်မြင့်မားတိုးတက်ရေးအတွက် ထူးချွန်ကျောင်းသား၊ ကျောင်းသူများ အား ဂုဏ်ပြုချီးမြှင့်ရခြင်းနှင့် ပတ်သက် ၍ အမှာစကားပြောကြားသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းက ၂၀၀၅-၂၀၀၆ ပညာသင်နှစ်တက္ကသိုလ်ဝင် စာမေးပွဲ၌ ဂုဏ်ထူးငါးဘာသာရှင် မောင်ဆက်ဝေဖြိုး၊ လေးဘာသာဂုဏ်ထူးရှင် မောင်သုဝဏ်၊ သုံးဘာသာဂုဏ်ထူးရှင်များ ဖြစ်ကြသော မောင်အောင်မျိုးသန့်၊ မောင်အောင် ဇော်ဦး၊ မောင်ဇေယျာအောင်၊ မအိအိ ထွေး၊ မရွှေဇင်အောင်နှင့် မောင်ဟံဆွေ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင်လေးဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၇ဦးတို့ကို ဂုဏ်ပြုဆုများပေးအပ် ချီးမြှင့်သည်။

ဂုဏ်ပြုဆု

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းက ၂၀၀၅-၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲ တွင် ဂုဏ်ထူးရရှိစေရန် ထူးချွန်စွာ သင်ကြားပေးသည့် ဆရာ ဆရာမများ အား ဂုဏ်ပြုဆုများ ပေးအပ်သည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းသည် ၂၀၀၅-၂၀၀၆ ပညာသင်နှစ် တက္ကသိုလ် ကောလိပ် သိပ္ပံကျောင်းများ၌ တက်ရောက် ပညာ သင်ယူခဲ့သည့် တောင်သာမြို့နယ်မှ ကျောင်းသား၊ ကျောင်းသူ ၅၀ဦးတို့ အား တစ်ဦးလျှင် ငွေကျပ်နှစ်သောင်းစီ ပေးအပ်သည်။

ထို့နောက် ဝန်ကြီး၏ဇနီး ဒေါ်ခင်ခင် ရီနှင့် တာဝန်ရှိများက တောင်သာ မြို့နယ်အခြေခံပညာ အထက်တန်း ကျောင်း၊ အထက(ခွဲ)၊ ဇရပ်ကြီး အထက(ခွဲ)၊ ဖက်တော အထက(ခွဲ)၊ မြေဖြူကုန်း ဘုန်းတော်ကြီးကျောင်း၊ မင်းစုအလက၊ နန်းတဲ အလက (ခွဲ)၊ နဖောင် အလက(ခွဲ)တို့မှ ၂၀၀၅- ၂၀၀၆ ပညာသင်နှစ် သူငယ်တန်းမှ နဝမတန်းအထိ အတန်းလိုက် ပထမ၊ ဒုတိယ၊ တတိယရရှိကြသော ကျောင်းသား၊ ကျောင်းသူ များအား ဂုဏ်ပြုဆုများပေးအပ် ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်းမှ အခြေခံပညာ မူလတန်းကျောင်းများသို့ ကျောင်းသုံး စာရေးခုံများကို ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းက ပေးအပ်လှူဒါန်း သည်။

ပေးအပ်

ဆက်လက်၍ တောင်သာမြို့နယ် မြေဖြူကုန်း ဘုန်းတော်ကြီးသင် တွဲဖက် အခြေခံပညာကျောင်းအတွက် ပညာရေး ရန်ပုံငွေ၊ ပင်မစိုက်ထူလှူဒါန်း ငွေကျပ် သိန်း ၂၀ကို အလှူရှင်များကိုယ်စား မြေဖြူကုန်းကျေးရွာမှ ဒေါ်ခင်ဥ၊ သား လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဓာတ်အား ပို့လွှတ်ရေးစီမံကိန်း (မြောက်ပိုင်း) ညွှန်ကြားရေးမှူး ဦးတင်ရွှေကလှူဒါန်းရာ ဗဟိုအတွင်းရေးမှူးက လက်ခံပြီး ဂုဏ်ပြု မှတ်တမ်းများ ပြန်လည်ပေးအပ်သည်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မန္တလေးတိုင်း မိတ္ထီလာပညာရေးကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးလွင်သို့ ပညာရေး ငွေပဒေသာပင်ကျပ် ၂၅ သိန်း ပေးအပ်လှူဒါန်းစဉ်။

(စက်မှု-၁)

ပေးအပ်ချီးမြှင့်

ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင် ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်ဖွဲ့ဝင်များ၏ ဆဋ္ဌမအကြိမ် အဆို၊ အက၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ် စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးမှ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ဦး တံခွန်စိုက်ဆု ရရှိသော အမှတ်(၃)နယ်လှည့် ပြည်သူ့ဆက်ဆံရေး တပ်ခွဲအား ဆုပေးအပ် ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဆဋ္ဌမအကြိမ် အဆို၊အက၊အတီး၊ အငြိမ့်၊ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၂၈

ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်တပ်ဖွဲ့ဝင်များ၏ ဆဋ္ဌမအကြိမ် အဆို၊ အက၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၅ ရက် နံနက် ၇ နာရီခွဲ တွင် မန္တလေးမြို့ အမှတ်(၃)နယ်လှည့် ပြည်သူ့ ဆက်ဆံရေးတပ်ခွဲရှိ ကဇာတ်ခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ကာကွယ် ရေး ဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေး နှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြား ရေးမှူးရုံးမှဒုတိယဗိုလ်မှူးကြီးမောင်မောင် ဦး၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ် စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှု အောက်ရှိ တပ်၊ ကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် တပ်မှူးများ၊ ယဉ်ကျေးမှု တက္ကသိုလ်(မန္တလေး)နှင့် အနုပညာဦးစီးဌာန(မန္တလေး)တို့မှ အနု ပညာရှင် အကဲဖြတ်ဒိုင်များ၊ ပြိုင်ပွဲဝင် စစ်သည်၊ စစ်သမီးများ၊ ဖိတ်ကြားထား သူများနှင့် အနုပညာဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ် စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးမှ ဒုတိယ ဗိုလ်မှူးကြီးမောင်မောင်ဦးက အမှာ စကား ပြောကြားသည်။ ဆက်လက်၍ ပြိုင်ပွဲများအလိုက် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများနှင့် အဖွဲ့လိုက် ဆုရရှိသူများကို တာဝန်ရှိသူများက လည်းကောင်း၊ အကောင်းဆုံး ဆုရရှိသူ များနှင့် တံခွန်စိုက်ဆုရရှိသော အမှတ်(၃) နယ်လှည့်ပြည်သူ့ဆက်ဆံ ရေး တပ်ခွဲအား ဒုတိယဗိုလ်မှူးကြီး မောင်မောင်ဦးက လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ် စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးမှ ဒုတိယ ဗိုလ်မှူးကြီးမောင်မောင်ဦးက အကဲဖြတ် ဒိုင်အဖွဲ့ဝင်များအား ဂုဏ်ပြုလက်ဆောင် များပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိ သည်။ (သတင်းစဉ်)

ဘတ်စကက်ဘောကွန်ဂရက် တက်ရောက်ရန် ထွက်ခွာ

ရန်ကုန် ဩဂုတ် ၂၈

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဩဂုတ် ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ဘတ်စကက်ဘော အဖွဲ့ချုပ်၏ ကမ္ဘာလုံးဆိုင်ရာ ကွန်ဂရက် အစည်းအဝေးတက်ရောက်ရန်အတွက် အာရှဘတ် စကက်ဘောအဖွဲ့ချုပ် ဗဟို အလုပ်အမှုဆောင်၊မြန်မာနိုင်ငံဘတ်စကက် ဘောအဖွဲ့ချုပ် ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစိန်မြင့် ခေါင်းဆောင်၍ အဖွဲ့ဝင်အဖြစ် မြန်မာနိုင်ငံဘတ်စကက် ဘောအဖွဲ့ချုပ်မှ ဒေါ်မြတ်သန္တာတို့ သည် ဩဂုတ် ၂၇ ရက်က လေကြောင်း ခရီးဖြင့် ထွက်ခွာသွားသည်။ **(ယာပုံ)**

(ဘတ်စကက်ဘောအဖွဲ့ချုပ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၉-၈-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ လက်စွမ်းပြပဟန်ဂီတသံ
- **၄:၁၅** ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
- **၄:၃၅** ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
- **၄:၅၅** ၆။ မျိုးချစ်တပ်မတော်
- **၅:၂၅** ၇။ ပညာခေတ်
- **၅:၄၀** ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၀။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၁။ မိုးလေဝသသတင်း
- **၆:၃၀** ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၄၀** ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သံယောဇဉ်" (အပိုင်း-၁၁)**
- **၈:၀၀** ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြိုင်ဟေဝန်က သိုင်းလုလင်" ဒုတွဲ (အပိုင်း-၁၉)**
- ၁၉။ သင့်အတွက်မနက်ဖြန်
- ၂၀။ အပိတ်နှုတ်ဆက်စကား
- ၂၁။ ပြီးပါပြီ။

လှိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆)ကျင်းပ

ရန်ကုန် ဩဂုတ် ၂၈

ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)ကို ဩဂုတ် ၂၆ရက်က မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရုံးခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးဦးသောင်းတက်ရောက် အမှာစကားပြောကြားပြီး ဆုများချီးမြှင့်သည်။

အစည်းအဝေးသို့ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင် အတွင်းရေးမှူး ဦးနေဝင်း၊ မြို့နယ်အတွင်းရေးမှူး ဦးမင်းလွင်နှင့် အသင်းအဆင့်ဆင့်မှ အလုပ်အမှုဆောင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ ထူးချွန်ဆုရလူငယ်အသင်းဝင်များ တက်ရောက်ကြသည်။ (က-ပ)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး သဘာဝဓာတ်ငွေ့အရောင်းဆိုင်များ စစ်ဆေး

ရန်ကုန် ဩဂုတ် ၂၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် ဩဂုတ် ၂၆ရက် နံနက်ပိုင်းတွင် မြန်အောင်မြို့နှင့် ကြံခင်းမြို့နယ်တို့၌ ကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)သို့ တက်ရောက်သည်။

အခမ်းအနားတွင် ဗဟိုအလုပ်အမှုဆောင်က အမှာစကားပြောကြားပြီး ၂၀၀၅ - ၂၀၀၆ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသော အသင်းဝင် ကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ်သည်။ ယင်းနောက် ဗဟိုအလုပ်အမှုဆောင်သည် ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ဗဟိုအလုပ်အမှုဆောင်သည် ပဲခူးတိုင်း (အနောက်ပိုင်း) မင်းလှမြို့နယ် စိန်ကန့်လန့်ရတနာပုံ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသော ဘုန်းတော်ကြီးသင် စာသင်ကျောင်းများသို့ စာရေးကိရိယာများ လှူဒါန်းခြင်းအခမ်းအနားသို့ တက်ရောက်၍ သာယာဝတီခရိုင်အတွင်းရှိ ဘုန်းတော်ကြီးသင် စာသင်ကျောင်းရှစ်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအသုံးပြုရန် ဗလာစာအုပ် ၅၁၅၀ နှင့် ခဲတံ ၂၇၅ ဒါဇင်တို့ကို ကျောင်းထိုင် ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်သည် သာယာဝတီခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ သွားရောက်၍ ခရိုင်အသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံကာ အသင်းဆိုင်ရာကိစ္စများ ဆွေးနွေးမှာကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် ဩဂုတ် ၂၇ရက်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပသော နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားပြီး နယ်မြေဖွံ့ဖြိုးရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရန် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ၂၀၀၅-၂၀၀၆ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ကြသော ကျောင်းသား၊ ကျောင်းသူများနှင့်အသင်းမှ ဖွင့်လှစ်ခဲ့သော သင်တန်းများတွင် ထူးချွန်ဆုရရှိကြသည့် အသင်းဝင်များ၏ သားသမီးများအား တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ကြသည်။

ဆက်လက်၍ဗဟိုအလုပ်အမှုဆောင်သည် တိုက်ကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပသော လူငယ်တွေ့ဆုံပွဲအခမ်းအနားသို့သွားရောက်၍ အသင်းဝင်လူငယ်များနှင့် ရင်းနှီးစွာ တွေ့ဆုံအမှာစကားပြောကြားပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေများပေးအပ်လှူဒါန်းသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးသည် ဩဂုတ် ၂၅ရက် ညနေပိုင်းတွင် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း မြန်အောင်ရေနံမြေသို့ရောက်ရှိပြီး ရေနံမြေအထွေထွေမန်နေဂျာနှင့် ဌာနမှူးများအား တွေ့ဆုံကာ ရေနံအထွက်တိုးရေး၊ စက်သုံးဆီ ခြိုးခြံချွေတာသုံးစွဲရေး၊ ချမှတ်ပေးထားသော လုပ်ငန်းစီမံချက်များအတိုင်း အချိန်မီ ဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဩဂုတ် ၂၆ ရက်တွင် ပဲခူးတိုင်း (အနောက်ပိုင်း) ဥသျှစ်ပင်မြို့ရှိ စက်သုံးဆီအရောင်းဆိုင်အမှတ်(၀၉၇၆) နှင့် မှော်ဘီမြို့နယ်ရှိ ဆိုင်အမှတ် (၀၉၄၆)၊ (၀၂၇၈)တို့ကိုလည်းကောင်း၊ ဩဂုတ် ၂၇ရက်တွင် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင် အမှတ် (၀၀၄)၊(၀၁၀)နှင့် (၀၁၉)ဆိုင်တို့ကို လည်းကောင်း သွားရောက်စစ်ဆေးသည်။

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် တိုးတက်များပြားလာသော NGV ယာဉ်များသို့ သဘာဝဓာတ်ငွေ့ ဖြည့်တင်းရာတွင် ပိုမိုလွယ်ကူ လျင်မြန်စေရန် မူလတန်းဆက်ဖြည့်တင်းနည်းမှ ပြိုင်ဆက်ဖြည့်တင်းနည်းသို့ပြောင်းလဲဆောင်ရွက်ခြင်းနှင့် ယခုဘဏ္ဍာရေးနှစ်အတွင်း သဘာဝဓာတ်ငွေ့အရောင်းဆိုင်အသစ်များ အမြန်တိုးချဲ့ဆောက်လုပ် ဖြန့်ဖြူးပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းဌေး မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်အမှတ်(၀၁၀)၌ မော်တော်ယာဉ်အား သဘာဝဓာတ်ငွေ့ ဖြည့်တင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

ဆုချီးမြှင့်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း ထူးချွန်ဆုရလူငယ်အသင်းဝင်များအား ဂုဏ်ပြုဆုများချီးမြှင့်ရာ အထက(၂) လှိုင်မှ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် ခြောက်ဘာသာဂုဏ်ထူးရှင် မမေပြုံးမြင့်အား ဆုချီးမြှင့်စဉ်။ (က-ပ)

တရားတော်များ ဟောကြားပို့ချမည်

ရန်ကုန် ဩဂုတ် ၂၈

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထဝိပဿနာ တရားတော်များကို (ဒလ-အုံကြီး) ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြ ဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ(ဒလ-အုံကြီး)က ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းလုပ်သားများ ဓမ္မာရုံတွင် စက်တင်ဘာ ၁ ရက်မှ ၇ရက်အထိ ညနေ ၆ နာရီမှ ည ၇ နာရီခွဲအတွင်းလည်းကောင်း၊ ဗဟန်းမြို့နယ် အာဇာနည်လမ်း ရှင်သာမဏေ ဓမ္မဗိမာန်တွင် စက်တင်ဘာ ၈ရက်မှ ၁၄ရက်အထိ ညနေ ၅နာရီမှ ၆နာရီခွဲ အတွင်း လည်းကောင်း၊ ပုဇွန်တောင်မြို့နယ် လိပ်ကန်လမ်း အိုးဘိုဓမ္မာရုံတွင် စက်တင်ဘာ ၁၅ ရက်မှ ၂၁ရက်အထိ ညနေ ၆ နာရီခွဲမှ ည ၈ နာရီအတွင်း လည်းကောင်း၊ ဒေါပုံမြို့နယ် ပြာသာဒ်ပရိယတ္တိ စာသင်တိုက်ကြီးတွင် စက်တင်ဘာ ၂၂ရက်မှ ၂၈ ရက်အထိ ညနေ ၆ နာရီမှ ည ၇ နာရီခွဲအတွင်း လည်းကောင်း ဟောကြားပို့ချမည် ဖြစ်သဖြင့် မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်းသိရသည်။ (က-ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ကွယ်လွန်သူကျေးဇူးရှင်မိခင်ကြီးဒေါ်အေးနှင့် ခင်ပွန်း ဦးမြသိန်းအား ရည်စူး၍ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သမိန်ဗရမ်းလမ်းနေ ဒေါ်နုနု၏(၈၂)နှစ်မြောက်မွေးနေ့အတွက် မိသားစုက အလှူတော်ငွေကျပ် ၁၀၀၀၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ဒေါက်တာ ဝိစိတ္တ(က၀) ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ရှမ်းပြည်နယ် တောင်ကြီးမြို့ အေးစေတီပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တလက္ခဏာသာမိဘိဝံသကိုအမှူးထားကာ (နေခြည်လင်း) အလုကုန်ဆိုင် အမှတ် (J-22) မြို့မဈေး တောင်ကြီးမြို့နေ ဦးစိုးဝင်း-ဒေါ်ညွန့်ရွှေမိသားစုနှင့် ခုနစ်ရက်သားသမီး ဓမ္မမိတ်ဆွေများက အလှူတော်ငွေကျပ် ၆၉၂၉၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင်ဆရာတော် ဒေါက်တာ အရှင်သုန္ဒရ(လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရွှေပြည်ဟိန်းကုသိုလ်ဖြစ် ဆေးခန်းအတွက်လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၈

ရန်ကင်းမြို့နယ် ပြည်သာယာ (ကျိုက္ကဆံစူပါဝမ်း တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်း ကုသိုလ်ဖြစ် ဆေးခန်း အာယုဒါန နားနေဆောင်အတွက် ရန်ကင်း ပြည်သာယာ မြရတနာလမ်းနေ မိဘများအမှူးထား၍ ဦးအေးမင်း - ဒေါ်မာလာရီ၊ သားမျိုးသီဟ၊ သမီး ဖြူယမင်းသူ၊ မျိုးသီဟ အင်တာပရိုက်စ်မိသားစုက အလှူတော်ငွေကျပ်သုံးသိန်း လှူဒါန်းကြသည်။ ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်း၏ ရပ်ကွက်အလိုက်စုရပ် အစီအစဉ်ဖြင့် ကျန်းမာရေး စောင့်ရှောက်ခြင်းနှင့် ဆေးခန်းတည်ရာဌာနတွင် ပိတ်ရက်မရှိနေ့စဉ်ကုသိုလ်ဖြစ် အာယုဒါန အစီအစဉ်တွင် ဆေးနှင့် အလှူတော်ငွေများကို ရွှေပြည်ဟိန်းကျောင်း ဖုန်း-၅၄၁၄၉၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပုဇွန်တောင်မြို့နယ် (၉) ရပ်ကွက် ရေကျော်ရောင်းဝယ်ရေး သမဝါယမအသင်း လီမိတက် (၂၀၀၅-၂၀၀၆) နှစ်ပတ်လည် အစည်းအဝေးကို ဩဂုတ် ၂၇ရက်က ရပ်ကွက်ရုံးခန်းမ၌ ကျင်းပရာ လီမိတက် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းထွန်း အမှာစကားပြောကြားစဉ်။ (၂၃)

သဒ္ဓမ္မပါလ မင်္ဂလာသိမ်တော်ကြီး ဆောက်လုပ်ရန် သံချေးပိဋကတ်သုံးပုံကောင်းမှုရှင် ဒေါ်ကျင်သောင်းက ငွေကျပ် နှစ်သိန်းကို ဈေးတာဝန်ခံ ဒေါ်ခင်စီထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရုပ်ရှင်သမိုင်း အထောက်အကူပြု ဂျာနယ်၊ မဂ္ဂဇင်းများ လှူဒါန်းကြရန် မေတ္တာရပ်ခံ

ရန်ကုန် ဩဂုတ် ၂၈

၁၉၉၅ ခုနှစ် မြန်မာ့ရုပ်ရှင် စိန်ရတုသဘင်ပွဲ ကျင်းပစဉ်က မြန်မာ့ရုပ်ရှင် သမိုင်းပြုစုရေးကော်မတီကို ဖွဲ့စည်းပြီး မြန်မာ့ရုပ်ရှင် သမိုင်းကို ပြုစုခဲ့ရာ ၁၉၂၀ ပြည့်နှစ်မှ ၁၉၉၅ ခုနှစ်အထိ မှတ်တမ်းများ စီစဉ်တည်းဖြတ် ရေးသားပြီးစီးခဲ့သည်။ ယခုအခါ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး မြန်မာ့ရုပ်ရှင် သမိုင်းပြုစုကော်မတီက ၁၉၉၆ ခုနှစ်မှ ယခုအချိန်အထိ မြန်မာ့ရုပ်ရှင်သမိုင်း မှတ်တမ်းကိုလည်း ဆက်လက်ပြုစုလျက်ရှိသည်။

မြန်မာ့ရုပ်ရှင်သမိုင်းစဉ်(၁၉၂၀-၁၉၄၅)ကို စာအုပ်အဖြစ် ရိုက်နှိပ်၍ မြန်မာနိုင်ငံ ရုပ်ရှင် အစည်းအရုံးက ထုတ်ဝေခဲ့ပြီးဖြစ်ကာ ၁၉၄၆ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ်အထိ "မြန်မာ့ရုပ်ရှင် သမိုင်းစဉ်" စာအုပ်ကိုလည်း ပြုစုတည်းဖြတ်ရေးသားလျက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

မြန်မာ့ရုပ်ရှင်သမိုင်းကို အထောက်အကူပြုစေမည့် ရုပ်ရှင်၊ ဂျာနယ်၊ မဂ္ဂဇင်းများ၊ ရုပ်ရှင်မှတ်တမ်း စာရွက်စာတမ်းများကို မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အမှတ်(၁၆) ဝင်္ကပါလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လှူဒါန်းကြရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။ (သတင်းစဉ်)

ယနေ့ မိုးလေဝသ

(၂၉-၈-၂၀၀၆)

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ပညာရည်ချွန်ဆုချီးမြှင့်

အင်းစိန်မြို့နယ် အမှတ်(၄၀) အခြေခံပညာမူလတန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးစိန်ဌေးက သူငယ်တန်းမှ တတိယတန်းအထိ လေးနှစ်ဆက်တိုက် ပညာရည်ချွန်ပထမဆုရရှိသော စတုတ္ထတန်း(ခ)မှ မောင်အောင်ကျော်မင်းအား ပညာရည်ချွန်ဆုချီးမြှင့်စဉ်။ (ပညာရေး)

ဒေးဗစ်ဘက်ဟမ်း၏ ကန်ထရိုက်သက်တမ်းတိုးရေး နှစ်ဖက်ပြောဆိုမှုများ ကွဲပြားခြားနားနေ

မဒရစ် ဩဂုတ် ၂၈

အင်္ဂလန်အသင်းခေါင်းဆောင်ဟောင်း ဒေးဗစ်ဘက်ဟမ်းသည် ရီးယဲလ်မဒရစ်အသင်းတွင် နောက်ထပ်နှစ်နှစ်ဆက်လက်ကစားရန် ကန်ထရိုက်စာချုပ်သက်တမ်းတိုးမှုကို လက်ခံလိမ့်မည်ဟု စပိန်နိုင်ငံ၏ ထိပ်တန်းဘောလုံးအသင်းဖြစ်သော ယင်းအသင်း၏ဥက္ကဋ္ဌ ရာမွန်ကယ်ဒါရွန်က ပြောကြားကြောင်း ဩဂုတ် ၂၈ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

သို့ရာတွင် ဘက်ဟမ်း၏ ပြောခွင့်ရပုဂ္ဂိုလ်ကမူ ကန်ထရိုက်စာချုပ်သစ်လက်မှတ်ရေးထိုးရန် ဘက်ဟမ်းက ငြင်းဆိုခဲ့သည်ဟု ပြောကြားသည်။

အသက် (၃၁)နှစ် အရွယ်ရှိ ဘက်ဟမ်းသည် ၂၀၀၉ ခုနှစ် ဇွန်လအထိ မိမိတို့အသင်းတွင် ဆက်လက်ရှိနေရန် ကတိပြုပြောဆိုခဲ့သည်။ ရီးယဲလ်မဒရစ်အသင်းဥက္ကဋ္ဌ ရာမွန်ကယ်ဒါရွန်က အက်စ်ပန်ညို ရုပ်မြင်သံကြားဌာနသို့ ဩဂုတ် ၂၇ရက်နှောင်းပိုင်းတွင် ပြောကြားခဲ့သည်။ ကယ်ဒါရွန်၏ ယင်းသို့ ပြောကြားချက်ကို မာကာအားကစား နေ့စဉ်သတင်းစာက တနင်္လာနေ့တွင် ဖော်ပြသည်။

ဘက်ဟမ်းသည် ကန်ထရိုက်စာချုပ်သစ်ကို လက်မှတ်ရေးထိုးရန် ငြင်းဆန်သော်လည်း စက်တင်ဘာလတွင် ရီးယဲလ်မဒရစ်အသင်းနှင့် ဆွေးနွေးရန်ရှိကြောင်း ၎င်း၏ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။

၎င်းသည် မန်ချက်စတာ ယူနိုက်တက်အသင်းမှ ရီးယဲလ်မဒရစ်အသင်းသို့ ၂၀၀၃ ခုနှစ်တွင် ပြောင်းရွှေ့ကြေးဒေါ်လာ ၄၆ ဒသမ ၈သန်း (ပေါင်ငွေ ၂၅သန်း)ဖြင့် ပြောင်းရွှေ့လာခဲ့သည်။ ၎င်း၏ လက်ရှိကန်ထရိုက်စာချုပ်မှာ ယခုဘောလုံးရာသီ ပြီးဆုံးသည့်အခါ သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။ ***အင်တာနက်။***

အင်တာနက် အားကစား သတင်းများ

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲတွင် ပေါ်တူဂီအသင်းနှင့် မကစားမီ အင်္ဂလန်ကွင်းလယ် ကစားသမားနှင့် အသင်းခေါင်းဆောင် ဒေးဗစ်ဘက်ဟမ်းအား တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဝက်စ်ဟမ်းအသင်းမှ ရီယိုကွတ်ကာ (ဝဲ)အား ဩဂုတ် ၂၆ ရက်က လီဗာပူးအသင်းနှင့် ယှဉ်ပြိုင်ကစားသောပွဲတွင် ဘယ်လာမီနှင့်အတူ တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ရီယိုကွတ်ကာအား ခေါ်ယူရန် အာဆင်နယ်နှင့် မန်ယူစိတ်ဝင်စား

လန်ဒန် ဩဂုတ် ၂၈

ဝက်စ်ဟမ်းယူနိုက်တက်အသင်း၏ အသင်းခေါင်းဆောင် နိုင်ဂျယ်လ်ရီယိုကွတ်ကာအားခေါ်ယူရန် အာဆင်နယ်အသင်းကဲ့သို့ မန်ချက်စတာယူနိုက်တက်အသင်းကပါ စိတ်ဝင်စားလျက်ရှိကြောင်း၊ အသင်းပြောင်းရွှေ့နိုင်သည့် ကာလသတ်မှတ်ချက် ကုန်ဆုံးလုနီးတွင် ယင်းအသင်းများက ရီယို ကွတ်ကာအား ခေါ်ယူနိုင်ရန် ဆွေးနွေးလျက်ရှိကြကြောင်း ဩဂုတ် ၂၈ရက် အင်တာနက်သတင်း၌ ဖော်ပြသည်။

အသက် (၂၂)နှစ်အရွယ်ရှိ ရီယိုကွတ်ကာ ချုပ်ဆိုခဲ့သော ကန်ထရိုက်သဘောတူညီချက်အရ ယခင်ဘောလုံးရာသီတွင် ပရီမီယာလိဂ်ဘောလုံး ပြိုင်ပွဲ၌ ထိပ်ဆုံးမှရပ်တည်နိုင်သော အသင်းသုံးသင်းက ခေါ်ယူရန် ကမ်းလှမ်း လာပါက အသင်းပြောင်းရွှေ့ခွင့်ရှိကြောင်း သတင်း၌ ဖော်ပြသည်။

အာဆင်နယ်အသင်း၏ မန်နေဂျာ အာဆင်ဝင်းဂါးသည် ရီယိုကွတ်ကာအား ခေါ်ယူရန်လိုလားသော်လည်း အာဆင်နယ်အသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီတွင် စတုတ္ထနေရာ၌သာ ရပ်တည်နိုင်ခဲ့သည်။ သို့ရာတွင် မန်ချက်စတာယူနိုက်တက်အသင်းမှာမူ ဒုတိယနေရာ၌ ရပ်တည်ခဲ့သဖြင့် ရီယိုကွတ်ကာအား ခေါ်ယူရန် အားသာချက်ရှိနေသည်။ ***အင်တာနက်။***

တိုက်စစ်မှူးတစ်ဦးကို ထပ်မံခေါ်ယူရန် နယူးကာဆယ်နည်းပြ ကြိုးပမ်းနေ

အင်္ဂလန် ဩဂုတ် ၂၈

ဘောလုံးသမား အပြောင်းအရွှေ့ကာလ နောက်ဆုံးသတ်မှတ်ချက် မရောက်မီ နယူးကာဆယ်အသင်း၏ နည်းပြ ဂလန်ရိုဒါသည် နောက်ထပ် တိုက် စစ်မှူးတစ်ဦးကို ခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း ဩဂုတ် ၂၈ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

နယူးကာဆယ်အသင်း၏ တိုက်စစ်မှူးသစ်ဖြစ်သူ အိုဘာဖမ်မီမာတင်သည် အက်စ်တန်ဗီလာအသင်းနှင့် တနင်္ဂနွေနေ့က ကစားသောပွဲအတွင်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

နိုင်ဂျီးရီးယားလူမျိုး မာတင်သည် အသင်း ပြောင်းရွှေ့ကြေး ပေါင်ငွေ ၁၀ သန်းဖြင့် အင်တာမီလန်အသင်းမှ ရောက်ရှိလာခဲ့သူဖြစ်သည်။

နယူးကာဆယ်အသင်း၏ အခြား တိုက်စစ်မှူးတစ်ဦးဖြစ်သူ ရှီလာအမီယိုဘီမှာလည်း တင်ပါးတွင် ထိခိုက်ဒဏ်ရာရရှိထားသည်။

နယူးကာဆယ်အသင်းမှ စပိန်လူမျိုး တိုက်စစ်မှူး အဲလ်ဘတ်လုကေးမှာမူ ယင်းအသင်းတွင် ၎င်းအတွက် ပထမဆုံးသော ဘောလုံးရာသီအတွင်း ခြေစွမ်းပြကစားနိုင်ခြင်းမရှိခဲ့ပေ။ ***အင်တာနက်။***

ရီယိုဖာဒီနန် ထိခိုက်ဒဏ်ရာရမှု ကျိုးအက်သည့်အဆင့်သို့ မရောက်

မန်ချက်စတာ ဩဂုတ် ၂၈

မန်ချက်စတာ ယူနိုက်တက်အသင်း၏ နောက်တန်းဘောလုံးသမား ရီယိုဖာဒီနန်သည် စနေနေ့က ဝတ်ဖို့ဒ်အသင်းနှင့် ယှဉ်ပြိုင်ကစားသည့်ပွဲအတွင်း ခြေချောင်းလေး ကျိုးအက်ခဲ့သည်ဟု အစောပိုင်းတွင် ထင်မှတ်ခဲ့ကြသော်လည်း ဆေးစစ်ဆေးချက်အရ ကျိုးအက်သည့် အဆင့်သို့ မရောက်ဘဲ ထိခိုက်မှုမျှသာဖြစ်ကြောင်း ဩဂုတ် ၂၈ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဖာဒီနန် ထိခိုက်ဒဏ်ရာရရှိခြင်းကြောင့် ယူရို ၂၀၀၈ ခြေစစ်ပွဲတွင် အင်္ဂလန်အသင်း၏ အသင်းသားအဖြစ် ပါဝင်ကစားနိုင်မည် မဟုတ်ကြောင်း အစောပိုင်းတွင် သတင်းများပေါ်ထွက်ခဲ့သည်။ မန်ချက်စတာ ယူနိုက်တက်အသင်း၏ ဆေးဝန်ထမ်းအဖွဲ့က ဖာဒီနန်၏ ထိခိုက်ဒဏ်ရာရမှုကို တနင်္ဂနွေနေ့က စစ်ဆေးခဲ့ကြရာတွင် ခြေချောင်းလေးကျိုးအက်သည်ကို မတွေ့ရဘဲ ထိခိုက်ပွန်းပဲ့သည့် အခြေအနေကိုသာ ဖော်ထုတ်တွေ့ရှိရသည်။ ဖာဒီနန်သည် လာမည့်စနေနေ့တွင် အိုးထရက်ဖို့ဒ်ကွင်း၌ အင်ဒီရာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည့်ပွဲ၌ ပါဝင်မည်ဟုတ်၊ မဟုတ် လတ်တလော မသိရသေးပေ။ ***အင်တာနက်။***

ဩဂုတ် ၂၆ ရက်က ဝတ်ဖို့ဒ်အသင်းနှင့် ယှဉ်ပြိုင် ကစားသောပွဲတွင် မန်ယူအသင်းမှ နောက်တန်း ဘောလုံးသမား ဖာဒီနန် (ဝဲ) အား တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နေပြည်တော်ရှိ သစ်စမ်းသပ်ကွက်များ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် စစ်ဆေး

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် နေပြည်တော်ရှိ သစ်တော သုတေသန စခန်းတွင် ၁၉၈၀ပြည့်နှစ် ပိတောက်စမ်းသပ်ကွက် ၁၀ဧကကို ကြည့်ရှုစစ်ဆေးစဉ်။
(သစ်တောရေးရာ)

ရန်ကုန် ဩဂုတ် ၂၈

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၂၆ရက်တွင် နေပြည်တော်ရှိ မိုးစွေ သစ်တောသုတေသန ဝါးစိုက်ခင်းသို့ ရောက်ရှိလာရာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းပေါ်ဦးက ထာဝစဉ်ဖွံ့ဖြိုးစေမည့် သစ်တော စီမံအုပ်ချုပ်မှု၌ ပြည်သူများတက်ကြွစွာ ပါဝင်သော ဝါးအသုံးပြုမှုမြှင့်တင်ရေး စီမံကိန်းကို အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသ သစ်နှင့်ပတ်သက်သည့် အဖွဲ့အစည်းITTOနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို လည်းကောင်း၊ မိုးစွေ သစ်တောသုတေသန ရှင်းလင်းဆောင်၍ သစ်တောသုတေသနမှ တောအုပ်ကြီး ဦးသန့်ရှင်းနှင့် ဒေါ်မူမူအောင်တို့က သစ်တောသုတေသနစခန်းကို အများပြည်သူ အပန်းဖြေနိုင်ပြီး သစ်တောတက္ကသိုလ်အတွက် လေ့ကျင့်ရေးဒေသ ဖြစ်လာစေရေး အဆင့်မြှင့်တင်ရေး ဆောင်ရွက်နေမှုတို့ကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဝန်ကြီးက ၁၉၈၀ပြည့်နှစ် ပိတောက်စမ်းသပ်ကွက် ၁၀ ဧကနှင့် ၁၉၈၈ခုနှစ် ကျွန်းအနက်စင်း စမ်းသပ်ကွက် ခြောက်ဧကတို့ကို ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူး ဦးထွန်းပေါ်ဦးက ရှင်းလင်းတင်ပြသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့သစ်လုပ်ငန်း၏ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အမှတ်(၅၂) သစ်စက် မရမ်းခုံသို့ ရောက်ရှိကြရာ စက်ရုံ ရှင်းလင်းဆောင်၍ စက်ရုံမှူး လက်ထောက်မန်နေဂျာ ဦးတိုးတိုးက စက်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းက ဖြည့်စွက်ရှင်းလင်းတင်ပြ၍ ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားကာ စက်ရုံအတွင်း သစ်ခွဲစိတ်လည်ပတ်ပုံ အဆင့်ဆင့်နှင့် ခွဲစိတ်ပြီး သစ်ခွဲသားများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးနှင့် အဖွဲ့သည် ဩဂုတ် ၂၇ရက်တွင် ရေတာရှည်မြို့နယ် ဆွာ Myanmar Korea Timber Internationalလီမိတက် အထပ်သားစက်ရုံသို့ ရောက်ရှိကြရာ စက်ရုံရှင်းလင်းဆောင်၍ ဒါရိုက်တာ Mr. Kim က လုပ်ငန်းပိုင်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားကာ သစ်လုံးများကို သစ်ပါးလွှာနေမှု၊ သစ်ပါးလွှာများကို အခြောက်ခံနေမှု၊ အထပ်သားများ ထုတ်လုပ်မှုနှင့် နိုင်ငံခြားတင်ပို့ရန် ထုပ်ပိုးနေမှုတို့ကိုကြည့်ရှုစစ်ဆေးသည်။

ဖြိုးခြံချွေတာရေး

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် မြန်မာ့သစ်လုပ်ငန်း၏ အင်ဂျင်နီယာဌာန အခြေစိုက်အလုပ်ရုံ(ဆွာ)သို့ ရောက်ရှိကြရာ အလုပ်ရုံရှင်းလင်းဆောင်၍ အင်ဂျင်နီယာဌာန အထွေထွေမန်နေဂျာ ဦးဝင်းလွင်နှင့် မန်နေဂျာ ဦးကျော်မြင့်တို့က လုပ်ငန်းပိုင်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လုပ်ငန်းရည်မှန်းချက်များ အောင်မြင်အောင် ဆောင်ရွက်ရေး၊ ဖြိုးခြံချွေတာရေးကိစ္စများ မှာကြားကာ သိုလှောင်ခန်းများ၊ အလုပ်ရုံနှင့် ယာဉ်ပြင် အလုပ်ရုံ၊ ပြုပြင်ဆဲယာဉ်များကို ကြည့်ရှုစစ်ဆေးသည်။
(သတင်းစဉ်)

စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်ကျော်

ရန်ကုန် ဩဂုတ် ၂၈

စစ်တောင်းမြစ်ရေသည် ယနေ့ နံနက် မြန်မာစံတော်ချိန်(၀၆း၃၀) နာရီအချိန် တိုင်းထွာချက်များအရ တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ၆၄၈စင်တီမီတာနှင့် ၁၁၄၈ စင်တီမီတာ အသီးသီးသို့ ရောက်ရှိနေကြသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂နာရီအတွင်း ယင်းမြို့တို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၆၀၀နှင့် စင်တီမီတာ ၁၀၇၀ အသီးသီးအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

စစ်သွေး ရသစုံမဂ္ဂဇင်း စက်တင်ဘာလထုတ် ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၈

တာဝန်ခံအယ်ဒီတာ လွင်သောင်းဝေ၏ ၂၀၀၆ ခုနှစ် စက်တင်ဘာအတွက် စစ်သွေး ရသစုံမဂ္ဂဇင်းကို တောင်ဥက္ကလာပမြို့နယ် (၁၄/၂) ရပ်ကွက် သံသုမာလမ်း သီရိမြင်သာဈေးအတွင်း မြရတနာစာပေ ဖုန်း–၅၇၈၆၇၀၊ ၃၇၉၇၇၃ မှ တစ်ပြည်လုံးသို့ ထုတ်ဝေ ဖြန့်ချိလိုက်ပြီဖြစ်သည်။



စက်တင်ဘာအတွက် ထုတ်ဝေလိုက်သည့် စစ်သွေး ရသစုံမဂ္ဂဇင်း မျက်နှာဖုံးကို တွေ့ရစဉ်။
(သတင်းစဉ်)

စစ်သွေးရသစုံမဂ္ဂဇင်းတွင် မျက်နှာဖုံးရှင် သရုပ်ဆောင်နေတိုးနှင့် စကားပြောခြင်း၊ သောင်းဝေဦး၏ ကျွန်တော်က ပါးစပ်သမားမဟုတ်ဘူး၊ ပုညခင်၏ လျှို့ဝှက်ချက်၊ တင်လတ်သန္တာဗိုလ်ရဲ့ Uma Thurmanအကြောင်း၊ ဒါရိုက်တာကြည်ဖြူသျှင်နှင့် တွေ့ဆုံခြင်း၊ ကြင်ယာဖက်တွေ့နေပြီဆိုတဲ့ဟဲလေး၊ Asia Cross Country Rally 2006 တွင် ဝင်ပြိုင်ခဲ့သည့် ပထမဦးဆုံး မြန်မာအမျိုးသမီး 1st Ladies Award ဆု ရရှိသည့် မမြသောင်းဝေ၏ ပြိုင်ပွဲအကြောင်း တစေ့တစောင်း၊ ဇာနည်(Korean Wave)ရဲ့ နှင်းဆီကိုကိုလို့ခေါ်တဲ့ ဘေယောင်ဂျွန်းအကြောင်း၊ ရင်သားကင်ဆာနှင့် သဘာဝကုထုံးများ၊ လက်ဖက်ခြောက်ရဲ့ အာနိသင်များ ဆောင်းပါး၊ ဝတ္ထုများပါဝင်ပြီး ကဗျာ၊ ကာတွန်း၊ ရသစုံလင်၍ သရုပ်ဆောင်နေတိုး၏ မျက်နှာဖုံးဖြင့် မဂ္ဂဇင်း ပရိသတ်များအတွက် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။
(သတင်းစဉ်)

တောင်ငူအသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်နှင့် ရေစက်ချပွဲ

ရန်ကုန် ဩဂုတ် ၂၈

တောင်ငူအသင်း (ထန်းတပင်၊ အုတ်တွင်းမြို့နယ်အပါအဝင်) အသင်းသူ အသင်းသား၊ နယ်သူ နယ်သားများ စုပေါင်းလှူဒါန်းသော အသင်းတိုက် ရေစက်ချနှင့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို စက်တင်ဘာ ၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဗဟန်း(၂)လမ်း တိုက်အမှတ်(၁၉) (ပထပ်–ညာ)၌ ကျင်းပမည်ဖြစ်ရာ ကြွရောက်ကြရန် နိုးဆော်ထားကြောင်း သိရသည်။ (က–ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉–၈–၂၀၀၆ (အင်္ဂါနေ့)

၇း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	ကျန်းမာခြင်းဆိုင်ရာ သိကောင်းစရာ(၁)
၇း၂၀	ပြည်တွင်းသတင်းအကျဉ်း
၇း၃၀	“အင်း”ငွေပန်းထိမ်ရဲ့ အငွေ့အသက်
၇း၅၀	တေးဂီတအစီအစဉ်
၇း၅၅	အောင်မြင်ကျော်ကြား စီးပွားရေးစွမ်းဆောင်ရှင်များ (ဒေါ်ခင်မြင့်မြင့်နှင့်တွေ့ဆုံခြင်း)
၈း၁၅	ဗုဒ္ဓဂယာမှ ဆုတောင်းပြည့် အေးချမ်းအောင်မြင် အုတ်ခွက်ဘုရား
၈း၂၅	တေးဂီတအစီအစဉ်
၈း၃၀	MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာ ဒေါက်တာမြင့်သန်းနှင့် တွေ့ဆုံခြင်း)
၈း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၅၅	သန့်ရှင်းလတ်ဆတ်စံချိန်မီ မြန်မာ့ချက်နို့ဆီ
၉း၁၀	တေးဂီတအစီအစဉ်
၉း၁၅	ကြည်နူးကုသိုလ်ပြုကြမယ် သာသနာ့ ပုဂံမြေဝယ်
၉း၂၅	မိုးလေဝသခန့်မှန်းချက်
၉း၃၀	နိုင်ငံတကာအနုပညာရေးရာ
၉း၄၅	တေးဂီတအစီအစဉ်
၉း၅၀	ခလေ့ရိုးရာရှမ်းရွာလေးများ
၁၀း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၁၀	Sunday Talk
၁၀း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀	စိမ်းစိမ်းစိုစို ဆေးဖက်ဝင်လှသကို
၁၁း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၁၅	ယူရီးယားဓာတ်မြေဩဇာ ထုတ်လုပ်မှုကဏ္ဍ
၁၁း၃၅	တစ်ပတ်အတွင်း အားကစားသတင်း
၁၁း၅၀	တေးဂီတအစီအစဉ်
၁၁း၅၅	ယဉ်ကျေးမှုတက္ကသိုလ် (သဘင်ပညာဌာန)
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၅ နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ (၃)ကြိမ် ဆက်တိုက်ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ကွယ်လွန်သူ ဦးသောင်းစိန်အားရည်စူး၍ ရန်ကုန်မြို့ ကမာရွတ်မြို့နယ် (၁)ရပ်ကွက် ထန်းတပင်လမ်းနေ ဒေါ်မြပိုနှင့် သားသမီးတစ်စုတို့က ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ကျပ်နှစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ–နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်အတွက် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် (၂)ရပ်ကွက်နေ ဦးလှမြင့်–ဒေါ်မွေး (ရွှေအိမ်တော်)မိသားစုနှင့် ခမ္မမိတ်ဆွေများစုပေါင်းလှူဒါန်းငွေ ကျပ် ၈၆၅၀၀၀ ကို အမှုဆောင် ဒေါ်သက်သက်ကလက်ခံပြီး ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင်ဥက္ကဋ္ဌ ဆရာတော် အရှင်ရာဇိန္ဒက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်စဉ်။
(က–ပ)

အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်) ဝါတွင်းဆွမ်းလောင်းလှူမည်

ရန်ကုန် ဩဂုတ် ၂၈

အင်္ဂပူမြို့နယ်အသင်း (ရန်ကုန်)က သံဃာတော်များနှင့် သီလရှင်များအား စက်တင်ဘာ ၁၀ရက်တွင် အင်္ဂပူမြို့ မြို့လယ် ရွှေဆံတော်စေတီတော်မြတ် ပရိဝုဏ်အတွင်း၌ အရုဏ်ဆွမ်းနှင့်နေ့ဆွမ်းဆက်ကပ်ခြင်း၊ ဝါဆိုသင်္ကန်းကပ်လှူခြင်းနှင့် လှူဒါန်းမှုအစုစုတို့အား နံနက် ၆နာရီတွင် ရေစက်သွန်းချမည်ဖြစ်သည်။

လှူဒါန်းနိုင်

အဆိုပါ အလှူပွဲတော်သို့ လိုက်ပါလိုသူများသည် လှိုင်ဧရာ အဝေးပြေးကားကွင်းမှ စက်တင်ဘာ ၉ရက်နံနက် ၁၀နာရီတွင်ထွက်ခွာပြီး အင်္ဂပူမြို့မှ စက်တင်ဘာ ၁၀ရက် ည ၁၀နာရီတွင် ပြန်လည်ထွက်ခွာမည်ဖြစ်သည်။ အလှူငွေများ ထည့်ဝင်လိုသူများနှင့် လိုက်ပါကြည်ညိုလိုကြသော အသင်းသူ အသင်းသားများသည် ဦးကျော်ဝင်း(ဥက္ကဋ္ဌ) ဖုန်း–၃၈၃၆၁၈၊ ဦးမြင့်အောင်(ဒုတိယဥက္ကဋ္ဌ) ဖုန်း–၀၉–၅၁၅၉၁၄၄၊ ဦးမြင့်သိန်း(ဒုတိယဥက္ကဋ္ဌ) အိမ် ဖုန်း–၅၀၃၈၄၁၊ ဦးသောင်းတင် (အတွင်းရေးမှူး) ရုံး ဖုန်း–၂၁၄၆၄၇၊ ဦးမြင့်စိုး (အတွင်းရေးမှူး) ဖုန်း–၂၉၂၈၃၅၊ ဦးထွန်းအောင်ကျော် (အမှုဆောင်) ဖုန်း–၆၀၀၃၄၄၊ ဒေါက်တာမောင်မောင်ချို (အမှုဆောင်)ဖုန်း–၀၉–၅၁၃၀၂၀၅ နှင့် အသင်းရုံးခန်း [တိုက်(၁)၊ အခန်း(၂၀၅)၊ ပန်းလှိုင်အိမ်ရာ၊ အမှတ်(၃) အခြေခံပညာဦးစီးဌာနရှေ့] အောက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်တွင်လည်း အပတ်စဉ် တနင်္ဂနွေနေ့ နံနက် ၉နာရီမှ ၁၀နာရီအတွင်း ဆက်သွယ် လှူဒါန်းနိုင်ကြကြောင်း သိရသည်။ (က–ပ)

ဆက်ကပ်လှူဒါန်း

ကွယ်လွန်သူ ဗိုလ်မှူးကြီးတင်ကြီး (ငြိမ်း) လေးနှစ်ပြည့်အား ရည်စူး၍ ဇနီး ဆရာမကြီး ဒေါ်ခင်နွဲ့နွဲ့ မိသားစုက ကျားကူးကျောင်းတိုက်အတွင်းရှိ သီရိမင်္ဂလာကျောင်းတော်ကြီး လှေခါးဆောင်နှင့် အမိုးပြုပြင်ရန် ငွေကျပ် ငါးသိန်းဆက်ကပ်လှူဒါန်းစဉ်။
(က–ပ)

ဆန်စပါးစိုက်ပျိုးရာတွင် ဒေသဝမ်းစာ ဖူလုံရေးအတွက်သာမက နောက်တိုးလာမည့် လူဦးရေအတွက်ပါ ရည်မှန်းပြီး ပိုမိုစိုက်ပျိုး စိုက်ပျိုးရေရရှိရေး ရေအရင်းအမြစ်များကို ရှာဖွေဖော်ထုတ်

နေပြည်တော် ဩဂုတ် ၂၈

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ မြစ်ကြီးနားလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇော်ထွန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဩဂုတ် ၂၆ရက် နံနက်ပိုင်းတွင် အစိုးရနည်းပညာကောလိပ်(မြစ်ကြီးနား)သို့ရောက်ရှိရာ ကျောင်းအုပ်ကြီးဒေါက်တာစန်းလှိုင်နှင့် ဆရာ၊ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များအား ပင်မ သုံးထပ်ဆောင်သစ်ရှိ အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး ဒေါက်တာ စန်းလှိုင်က ကျောင်း၏သမိုင်းနှင့် သင်ကြား၊ စီမံဆိုင်ရာ အချက်အလက် များကိုလည်းကောင်း၊ Ever Green Construction မန်နေဂျင်းဒါရိုက်တာ ဦးသန်းရွှေက ကျောင်းဆောက်လုပ်ခြင်းနှင့် စပ်လျဉ်းသည်များကို လည်း ကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ဖြန့်ကြက်ထူထောင်နေ

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မိမိဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆောင်ရွက်ပေးနိုင်မည့် လူ့စွမ်းအား အရင်းအမြစ်များကို ပြုစုပျိုးထောင် မွေးထုတ်ပေးရေး၊ ရည်မှန်းချက်နှင့် အညီ ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို ဒေသအလိုက် ဖြန့်ကြက်တည်ဆောက် ထူထောင်ပေးလျက်ရှိရာ ယခုအခါ ကချင်ပြည်နယ် တွင် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် မိုးညှင်းမြို့တို့၌ အစိုးရနည်းပညာ ကောလိပ်များကို ဖွင့်လှစ်ပေးပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ဆရာ၊ ဆရာမများ အားလုံး မိမိတို့၏ စာမျက်နှာ ၈ ကော်လံ ၁ သို့ ✧

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် သီရိဘက်စုံ စိုက်ပျိုးရေးကုမ္ပဏီလီမိတက်၏ ကျွန်းစိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

NLD ပါတီ၏လုပ်ရပ်များအပေါ် စိတ်ပါဝင်စားမှုမရှိ NLD ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်အားထားမှုမရှိ မော်လမြိုင်ကျွန်းမြို့နယ် NLD ပါတီဝင် ၂၅ ဦး ထပ်မံစုပေါင်းနုတ်ထွက်

ရန်ကုန် ဩဂုတ် ၂၈

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော အောင်လှိုင်ကျေးရွာမှ ရပ်/ကျေးအဖွဲ့ဝင် ဦးမြင့်ဆွေ၊ ဦးမြင့်သန်း၊ ဦးမြင့်သိန်း၊ ဦးဝင်းမောင်နှင့် ဦးတင်လှိုင်၊ သပြေချောင်းကျေးရွာမှ ဦးလှသိန်း၊ အမှတ်(၁)ရပ်ကွက်မှ ဦးမောင်မောင်သန်း၊ ဝါးရခိုင်ကျေးရွာမှ ဦးအေးကို၊ ဦးမော်တာနှင့် ဦးဘိုးကျူးတို့ အပါအဝင် ပါတီဝင် ၂၅ဦး တို့သည် ဇူလိုင် ၂၈ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်လွှာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

မော်လမြိုင်ကျွန်းမြို့နယ် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင် အဖွဲ့ခွဲသို့ပေးပို့သော နုတ်ထွက်လွှာတွင် ၎င်းတို့သည် NLD ပါတီ၏လုပ်ရပ်များကို စိတ်ပါဝင်စားမှုမရှိတော့ကြောင်း၊ NLD ပါတီနှင့် ပါတီခေါင်းဆောင်များ အပေါ်တွင်လည်း ယုံကြည်အားထားမှုမရှိတော့သဖြင့် ၎င်းတို့၏ ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။(သတင်းစဉ်)

အင်တာနက်သတင်း

ဖိလစ်ပိုင်နိုင်ငံ အိုင်လိုလိုပြည်နယ် ကမ်းခြေတစ်လျှောက် သောင်တင်နေသော ရေနံလောင်စာအချို့ကို တွေ့ရစဉ်။ အင်တာနက်။

ဖိလစ်ပိုင်၌ ရေနံညစ်ညမ်းမှု ကာကွယ်ရန် ကြက်မွေးငှက်မွေးနှင့်ဆံပင်များ အလှူခံ

မနီလာ ဩဂုတ် ၂၈

ဖိလစ်ပိုင်ကမ်းခြေတွင် ရေနံတင်သင်္ဘော နစ်မြုပ်မှုကြောင့် ဖြစ်ပေါ်နေသော ရေထုညစ်ညမ်းမှုကို ဖြေရှင်းရန်အတွက် ကြက်မွေး၊ ငှက်မွေးနှင့် ဆံပင်များကို ပြည်သူများအနေဖြင့် အကူအညီပေး လှူဒါန်းကြရန် ဖိလစ်ပိုင် ကမ်းခြေစောင့်တပ်ဖွဲ့က မေတ္တာရပ်ခံ ကြေညာထားသည်။

အဆိုပါ ရေနံတင်သင်္ဘောမှာ ပက်ထရွန်ရေနံကော်ပိုရေးရှင်းမှ သင်္ဘောဖြစ်ပြီး ဩဂုတ် ၁၁ရက်က ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း ဂူမာရပ်စ် ကျွန်းအနီးနစ်မြုပ်ခဲ့ခြင်းဖြစ်သည်။ စာမျက်နှာ ၉ ကော်လံ ၆ သို့ ✻

ထိုင်းနှင့်ပွဲတွင် ချေပဂိုး နှစ်ဂိုး သွင်းယူခဲ့သူ တိုက်စစ်မှူး စည်သူဝင်း။ ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

မြန်မာအသင်း တစ်ကျော့ပြန်အောင်ပွဲခံနိုင်ရေး မာဒေးကားဖလားနှင့် လက်တစ်ကမ်းအလို စိတ်ဓာတ်နှင့် ကြိုးစားမှု အမြင့်ဆုံးဖြစ်နေ

သတင်းဆောင်းပါး -ညီညီစိုးညွန့်၊ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ရန်ကုန် ဩဂုတ် ၂၈

၂၀၀၆ ခုနှစ်၊ (၃၈)ကြိမ်မြောက် မာဒေးကားဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲအဖြစ် မြန်မာ့လက်ရွေးစင်အသင်းနှင့် အင်ဒိုနီးရှား လက်ရွေးစင်အသင်းတို့သည် ယနေ့ည ဒေသစံတော်ချိန် ၈ နာရီ ၄၅ မိနစ် (မြန်မာစံတော်ချိန် ည ၇နာရီ ၁၅ မိနစ်)တွင် မလေးရှားနိုင်ငံ Shahalam ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားကြတော့မည်ဖြစ်သည်။

အိမ်ရှင်မလေးရှားအပါအဝင် ဖိတ်ခေါ်နိုင်ငံများဖြစ်သည့် မြန်မာ၊ အင်ဒိုနီးရှားနှင့် ထိုင်းတို့ လေးသင်းပတ်လည် ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာအသင်း စာမျက်နှာ ၉ ကော်လံ ၁ သို့ ❋

အိမ်ရှင် မလေးရှားနှင့် ပွဲတွင် အနိုင်ဂိုးသွင်းပြီး မြန်မာအသင်းအား ဗိုလ်လုပွဲတက်ရောက်စေခဲ့သူ အသင်းခေါင်းဆောင် စိုးမြတ်မင်း။ ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)